မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်၊ ၂၀၀၈ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၂၁)

မာတာပိတုဥပဋ္ဌာနံ ဧတံ မင်္ဂလ မုတ္တမံ

မိဘကို လုပ်ကျွေးပြုစုခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

ကျန်းမာရေးနှင့်ညီညွတ်သော လူမှုဝန်းကျင်မြင့်မားလာရေး မျက်ခြည်မပြတ် ကြပ်မတ်ဖြည့်ဆည်း ခရီးသွားလာမှုချောမွေ့စေရေး လမ်းများကောင်းမွန်ရန် ပြုပြင်ထိန်းသိမ်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပစေရေးနှင့် မြို့အင်္ဂါရပ်နှင့်အညီ ပိုမိုဖွံ့ဖြိုးစည်ပင်တိုးတက်စေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

ရေတံခါး တိုးချဲ့ဆောင်ရွက်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သုဝဏ္ဏ (၂၉) ရပ်ကွက် ပေါ်ဆန်းမွှေးလမ်း၌ လေးပေ ပတ်လည် ရေတံခါးပေါက် တိုးချဲ့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တနင်္သာရီကမ်းရိုးတန်းရှိ ပုလဲကျွန်းနှင့် ဒိုမယ်ကျွန်းတို့၌ ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ ဗိုလ်ချုပ်သာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၈

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်း၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် ဇန်နဝါရီ ၂၆ ရက်တွင် တနင်္သာရီကမ်းရိုးတန်းရှိ ပုလဲကျွန်းနှင့် ဒိုမယ်ကျွန်းတို့၌ ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်းများနှင့် ကတန်ကျွန်း ကျွန်းပတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ပုလဲကျွန်းရှိ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသို့ ရောက်ရှိကြရာ ပုလဲရတနာခန်းမ၌ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးစိန်လွင်က မြန်မာ့ပုလဲထုတ်လုပ်မှု၏သမိုင်း၊ နှစ်အလိုက်ပုလဲထုတ်လုပ်ရန် မုတ်ကောင်မွေးမြူခဲ့မှုနှင့် ပုလဲထုတ်လုပ်မှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်သာအေးက လိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ပုလဲမွေးမြူရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ဘုတ်ပြင်းမြို့နယ် ဒိုမယ်ကျွန်းရှိ Myanmar Taski Co., Ltd. ၏ ပုလဲမွေးမြူရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်)

စက်မှုလက်မှုကဏ္ဍ အရှိန်အဟုန်မြင့်မားရေး စက်ပစ္စည်းများ အရည်အသွေးရှိရှိထုတ်လုပ်

နိုင်ငံတော်က စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်များ ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေး၊ မုံရွာနှင့် တောင်ကြီးစက်မှုဇုန်များတွင် အဆင့်မြင့်နည်းပညာများနှင့် ခေတ်မီသံရည်ကျို၊ ပုံလောင်း၊ ပုံဖိစက်ရုံများ ထူထောင်ထားရှိပြီးဖြစ်ရာ သံထည်ပစ္စည်းကိုင်တွယ်သည့် စက်မှုလုပ်ငန်းများ တိုးတက်လျက် ရှိသည်။

စက်ရုံ၊အလုပ်ရုံသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်းနှင့်အတူ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများလည်း ဖြစ်ထွန်းနေပြီဖြစ်သည်။ နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင် စက်ရုံ၊အလုပ်ရုံများအနေဖြင့် စက်ကိရိယာများ ပိုမိုထုတ်လုပ်နိုင်ရေး၊ အဆင့်မြင့် စက်အစိတ်အပိုင်းများနှင့် စက်အရန်ပစ္စည်းများ အရည်အသွေးမီထုတ်လုပ်နိုင်ရေး ဆက်လက်ကြိုးပမ်းလျက် ရှိသည်။

စက်မှုဇုန်များ ဒေသတစ်ခုနှင့်တစ်ခု အနေအထားခြင်းမတူညီသကဲ့သို့ ထုတ်လုပ်မှုနည်းပညာ စွမ်းရည်တို့ ကွာခြားလျက်ရှိသဖြင့် စက်မှုဇုန်အလိုက် အပြန်အလှန် အကျိုးသက်ရောက်မှုများ ရှိစေရေးကြိုးဆပြီး စက်မှုလုပ်ငန်းတိုးတက်ရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။

စက်မှုကဏ္ဍတွင် သမားရိုးကျ အခြေခံလက်မှုလုပ်ငန်းများကို အသေးစားစက်မှုလုပ်ငန်းများအဖြစ် တီထွင်ပြောင်းလဲ၍ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ စုစည်းပြီး အကြီးစားထုတ်ကုန်များ ထုတ်လုပ်နိုင်သည့်အဆင့် ရောက်အောင် စက်မှုဇုန်များက စွမ်းဆောင်ကြိုးပမ်းကြရမည် ဖြစ်သည်။

တိုင်းရင်းသားစက်မှုလုပ်ငန်းရှင်များကလည်း လယ်ယာထွက်သီးနှံ ကုန်ကြမ်းပစ္စည်းများကို အသုံးချပြီး ပြည်ပသွင်းကုန်အစားထိုးကုန်ပစ္စည်းများ အရည်အသွေးမီ တိုးမြှင့်ထုတ်လုပ်နိုင်ခြင်းဖြင့် သွင်းကုန်အစားထိုး ဖြည့်ဆည်းနိုင်မည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည် ဖြစ်သည်။

စက်ရုံ၊ အလုပ်ရုံများ စက်စွမ်းအားပြည့် ထုတ်လုပ်လာနိုင်သည်နှင့်အမျှ နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည် ဖြစ်သည်။ စက်ပစ္စည်းများကို စက်ရုံတစ်ခုတည်းက တီထွင်ထုတ်လုပ်ခြင်းထက် စက်မှုဇုန်များ၊ ဝန်ကြီးဌာနများရှိ စက်ရုံများနှင့်ပါ ပေါင်းစပ်လုပ်ဆောင်ခြင်းဖြင့် စက်ရုံအလိုက် စွမ်းအားပြည့်လည်ပတ်နိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ စက်မှုဇုန်များက နိုင်ငံတော်အတွက် စက်ပစ္စည်းများကို အရည်အသွေးရှိရှိ ထုတ်လုပ်လာသည်နှင့်အမျှ မြန်မာ့စက်မှုလက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မဟာဗောဓိစေတီ မနောရမသိမ်ကျောင်းအတွက် လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားအနီးရှိ ငါးထပ်ကြီးကျောင်းတိုက် ဒေါ်နုခင်ကျောင်း၌ တည်ဆောက်လျက်ရှိသော မဟာဗောဓိစေတီ မနောရမ လေးထပ်သိမ်ကျောင်းတော်ကြီးအတွက် အလှူရှင် ဦးနာယက ငါးထပ်ကြီးနှင့် ခမည်းတော်ဦးစံရ မယ်တော် ဒေါ်ပေါရှင်မိသားစုက ပေါင်းကျွှာ တန့်ဆည်မြို့နယ်က အလှူငွေကျပ်သုံးသိန်းကို ပဓာနဆရာတော် ဘဒ္ဒန္တ နန္ဒိယထံ ဆက်ကပ်လှူဒါန်းသည်။**(အပေါ်ပုံ)**

အဆိုပါ မဟာဗောဓိစေတီ မနောရမ လေးထပ်သိမ်ကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် ဆရာတော် ဘဒ္ဒန္တနန္ဒိယ ဖုန်း-၀၁-၅၄၀၀၁၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၂၉-၁-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၁၅	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၁၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	ဝတ်စားဆင်ယင်လှစေချင်
၆း၃၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒီလှိုင်းနှင့်အတူ** (အပိုင်း-၁၄)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မွေးမြူသုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပြည်ချစ်သူရဲကောင်း** အပိုင်း(၂၈)

ဒေးစွန်ပါဆံတော်ရှင် စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ရေး အလှူငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၈

ရွှေသင်္ကန်းကပ်လှူ ပူဇော်ရေးကော်မတီက ကြီးမှူးကျင်းပသော ပဲခူးတိုင်း ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာရှိ ဒေးစွန်ပါဆံတော်ရှင် စေတီတော်မြတ်ကြီး၏ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ ရက်က အဆိုပါစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ရှိ သီရိမင်္ဂလာအေးငြိမ်းချမ်းသာ ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးမြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ကျုံးထောင့်ကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာဇောတထံမှ ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူရန် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ အသက်(၆၁)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် အလှူရှင် ရန်ကုန်တိုင်း သန်လျင်မြို့နေ အရပ်ဆရာအောင် ဇနီးဒေါ်နှင်းရည်ကျော်နှင့်သား မောင်ဘုန်းပြည့်ကျော် မိသားစုတို့က ငွေကျပ် ၁၈ သိန်း၊ အလုံမြို့နယ်နေ ဒေါ်စန်းစန်းဌေး မိသားစုက ငွေကျပ် ၁၀ သိန်း၊ ရန်ကုန် မြို့နေ ကိုမောင်မောင်ဖုန်း၊ မခင်ချိုဝင်းမိသားစုက ငွေကျပ် သုံးသိန်း၊ မစန်းတင့်မိသားစုက ငွေကျပ် နှစ်သိန်း၊ ကိုသိန်းဟန် ဇနီး မသီတာဝင်း မိသားစုနှင့် ဒေါ်သန်းသန်းလှိုင်(လှိုင် ထိပ်ထားအထည်ဆိုင်) မိသားစုတို့က ငွေကျပ် တစ်သိန်းစီနှင့် မစန်းတင့်နှင့် အပေါင်းအသင်းများက ငွေကျပ် တစ်သိန်းငါးသောင်း စုစုပေါင်း ငွေကျပ်သိန်း ၆၀ကျော်ကို ပေးအပ်လှူဒါန်းကြပြီး ရွှေသင်္ကန်းကပ်လှူပူဇော်ရေးကော်မတီဝင်များက လက်ခံကြကာ အလှူရှင်များအား ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်သည်။

ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းရန်အတွက် လှူဒါန်းလိုသူများသည် ဒေးစွန်ပါဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ရွှေသင်္ကန်းကပ်လှူရေးကျင်းပရေးကော်မတီ နာယကအဖွဲ့ဝင် ဘေးမဲ့ကျိုက်စွန်ပါကျောင်းဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ကောသိကသိဒ္ဓိ ဖုန်း-၀၉-၅၁-၇၇၆၅၄ ထံ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရတနာမဉ္ဇူ ဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်း လစဉ်ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၈

ကမ္ဘာ့ဌာနာစရိယ အရှင်ဇေယျာနန္ဒ(ပုဂံ)ကြီးမှူး၍ မရမ်းကုန်းမြို့နယ် သမိုင်း(၁) ရပ်ကွက် (၂)လမ်းရှိ ရတနာမဉ္ဇူဓမ္မရိပ်သာ၌ ဇန်နဝါရီ၃၀ရက်မှ ဖေဖော်ဝါရီ ၅ရက်အထိ ဆရာကြီးဦးသန်း (မဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် ကမ္ဘာ့ဌာနာစရိယများက တရားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် ဇန်နဝါရီ ၃၀ရက် နံနက်၈နာရီအရောက် စခန်းသို့ လာရောက်ကြရန်နှင့် သိရှိလိုသည်များကို ဖုန်း-၆၆၃၈၀၂သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းနှင့် တရားစခန်းပွဲကို လစဉ်ပုံမှန်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မင်းဘူးမြို့နယ် ကျောက်စံရွာ လင်းနေကျကန်တောရ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

နှစ်စဉ်ကျင်းပမြဲဖြစ်သော မင်းဘူးမြို့နယ် ကျောက်စံရွာ လင်းနေကျကန်တောရ ဆရာတော် ဦးပဏ္ဍိတ (ဘဘုန်း)၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည် ပူဇော်ပွဲကို ယင်းတောရကျောင်း၌ (၁၃၆၉ခု ပြာသိုလပြည့်ကျော် ၁၂ရက်) ဖေဖော်ဝါရီ၃ရက် (တနင်္ဂနွေနေ့)ညနေတွင် ဆွမ်းတော်ကြီးချ၊ နိဗ္ဗာန်ဈေး၊ ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်၊ နံ့သာတစ်ထောင်၊ ပဋ္ဌာန်းရွတ်ဆိုပူဇော်ခြင်းနှင့် ထမနဲထိုးပွဲတို့ကို အကြိုကျင်းပ၍ (၁၃၆၉ခု ပြာသိုလပြည့်ကျော် ၁၃ရက်) ဖေဖော်ဝါရီ၄ရက် (တနင်္လာနေ့)တွင် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် အလှူရေစက်ချတရားနာပြီး မွန်းလွဲ ၂နာရီတွင် ဘဘုန်းအား စုပေါင်းပူဇော်ခြင်း အခမ်းအနားကို ကျင်းပမည် ဖြစ်သည်။

ဆက်သွယ်နိုင်

အလှူရှင်များသည် ဦးမြင့်ထူး ဖုန်း-၀၁-၅၆၁၈၂၁၊ ၀၉-၅၁-၄၀၃၈၂၊ ဆရာကိုနိုင် ဖုန်း- ၀၉-၅၃-၂၂၃၇၂နှင့် ဦးညွန့်သန်း ဖုန်း- ၀၁-၅၁-၄၀၄၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပေါက်ခေါင်း အထက ပညာချွန်ဆု

ဇန်နဝါရီ ၃ရက်က ပေါက်ခေါင်း အထက၏ ပညာရေးစုံညီ ပွဲတော်ကို အထကခန်းမ၌ကျင်းပရာ န၀မတန်း ထူးချွန်ဆုရ ကျောင်းသူ မခင်ခင်ဆုအား ကျောင်းအုပ် ဆရာမကြီး ဒေါ်မြင့်မြင့်ဝင်းက ဆုချီးမြှင့်စဉ်။

(က-ပ)

ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ကျားတက်စံပြကျေးရွာတိုက်နယ်ဆေးရုံ ဓာတ်မှန်ဆောင်ပန္နက်တင်မင်္ဂလာနှင့် အခြေခံပညာအထက်တန်းကျောင်းဆောင်သစ်ဖွင့်ပွဲတက်ရောက်အားပေး

နေပြည်တော် ဇန်နဝါရီ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇန်နဝါရီ၂၇ရက်တွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်ရှိ ကျားတက်စံပြကျေးရွာ တိုက်နယ်ဆေးရုံ ဓာတ်မှန်ဆောင် ပန္နက်တော်တင်မင်္ဂလာအခမ်းအနား၊ ကျားတက် အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားများသို့ တက်ရောက်သည်။

ပန္နက်တော်တင်

ဗဟို အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲ ၁၂နာရီခွဲတွင် ကျားတက်စံပြကျေးရွာ တိုက်နယ်ဆေးရုံ ပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူများ၊ အလှူရှင်များနှင့်အတူ သတ်မှတ်နေရာအသီးသီး၌ ပန္နက်တော်တင်ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆားလင်းကြီးမြို့နယ် ကျားတက်စံပြကျေးရွာ တိုက်နယ်ဆေးရုံ ဓာတ်မှန်ဆောင်အတွက် အလှူငွေ ကျပ်နှစ်သိန်းပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် ကျားတက်စံပြကျေးရွာ တိုက်နယ်ဆေးရုံသို့ တက်ရောက်ဆေးဝါးကုသမှုခံယူနေကြသော လူနာများအား ကြည့်ရှုအားပေးပြီး ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ဖွင့်လှစ်

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းသည် ကျားတက်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ ပန်းတိုင် ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။ ဖွင့်ပွဲအခမ်းအနားတွင် ကျားတက် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဝင်းမောင်နှင့် အလှူရှင်များက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး အထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို ထူးချွန် ကျောင်းသားကျောင်းသူများက ရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းတို့က ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းကာ အကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

သင်ယူလေ့လာ

အဆိုပါ ပန်းတိုင်ကျောင်းဆောင်သစ်မှာ အလျားပေ ၁၂၀၊ အနံပေ ၂၀ ရှိပြီး ၂၀၀၆ခုနှစ်က ဆောက်လုပ်ခဲ့သော တစ်ထပ်ကျောင်းဆောင်ဖြစ်ကာ စုစုပေါင်းကုန်ကျငွေမှာ ၇၉၇၅၄၆၅ ကျပ် ဖြစ်သည်။ ကျားတက်စံပြကျေးရွာ အထက်တန်းကျောင်းတွင် Multimedia Classrooms များကိုလည်း ဖွင့်လှစ်ပေးထားပြီးဖြစ်ရာ ယခုအခါ ကျောင်းသား ကျောင်းသူများ သင်ထောက်ကူ ပစ္စည်းများဖြင့် သင်ယူလေ့လာနိုင်ကြပြီဖြစ်သည်။

တက်ရောက်

ယင်းနောက် ပန်းတိုင်ကျောင်းဆောင်သစ်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲကျင်းပရာ ကျားတက်စံပြကျေးရွာအပါအဝင် ရွှေချမ်းသာ၊ ရွှေကြက်တွန်ဇီးပဏီတောင်၊ လက်ပံအေး၊ ကုန်းကြီး၊ ဇီးပဏီမြောက်၊ ရွာသမင်း၊ တဲကြီး၊ အောင်ပန်း၊ ဇီးချိုင်၊ ရွှေဘုံသာ၊ မြေဇွန်း၊ အေးရွာ၊ လက်ဝဲကန်၊ ကံတွင်း၊ ဆုံတား၊ အိုဘို၊ ကနီ၊ လင်းစားကျက်၊ တရား၊ ရှမ်းကိုင်တို့မှ ကျေးလက်ပြည်သူလူထု ၁၀၀၀ ကျော်တို့ တက်ရောက်ကြသည်။

အမှာစကားပြော

တွေ့ဆုံပွဲတွင်ရှေးဦးစွာကျားတက်ကျေးရွာ ဒေသခံပြည်သူများကိုယ်စား ဦးကျော်တင့်၊ လင်းစားကျက်ကျေးရွာ ဒေသခံပြည်သူများကိုယ်စား ဦးဝင်းကိုတို့က ဒေသအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းကအမှာစကားပြောကြားသည်။ ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ လူငယ်များအား လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးသော၊ အသိဉာဏ်ဗဟုသုတနှင့် ပြည့်စုံသော လူငယ်များ ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးရေး၊ ကျေးရွာများ၌ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်ရေးကို မိဘများက အလေးထား ဆောင်ရွက်သွားကြရေး၊ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅) ရပ်၊ နောက်တိုးလုပ်ငန်းစဉ်(၂)ရပ်နှင့်အညီ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများကလည်း ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရေး၊ ပြည်တွင်းပြည်ပ အဖျက်သမားများ အနေဖြင့် မြန်မာနိုင်ငံအတွင်း မတည်မငြိမ်ဖြစ်အောင်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲနေမှုကို ပျက်ပြားအောင် ဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့် ယင်းအန္တရာယ်များကို အမျိုးသားရေးစိတ်ဓာတ်အခြေခံ၍ ဝိုင်းဝန်းကာကွယ် တားဆီးသွားကြရေးတို့ကို မှာကြားသည်။

လှူဒါန်း

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျေးရွာစာသင်ကျောင်းများအတွက် ဗလာစာအုပ်များ၊ ကြက်ခြေနီ ရှေးဦးသူနာပြု ဆေးသေတ္တာများနှင့် ကျေးရွာပြည်သူလူထုအတွက် အဝတ်အထည်နှင့် စောင်များကို ပေးအပ်လှူဒါန်းသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ ဆားလင်းကြီးမြို့နယ်၊ ပုလဲမြို့နယ်၊ ယင်းမာပင်မြို့နယ်၊ ကနီ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ်နှစ်သိန်းစီနှင့် MRTV-4 နှင့် ဆက်စပ် ရုပ်သံလိုင်းများ ဖမ်းယူကြည့်ရှုနိုင်သည့် စက်တစ်စုံစီတို့ကိုပေးအပ်ရာ မြို့နယ် အတွင်းရေးမှူးများက လက်ခံသည်။ ထို့နောက် ကျားတက် စံပြကျေးရွာ ဓာတ်မှန်ဆောင်အတွက် အလှူငွေကျပ်နှစ်သိန်းကို ဆေးရုံအုပ်ကြီးထံ ပေးအပ်ပြီး ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ရန်ကုန်မြို့နေ ပန်းတိုင် ဦးသန်းမောင်က ကျောင်းအုပ်ကြီး ဦးဝင်းမောင်ထံ လွှဲပြောင်းပေးအပ်သည်။

ဓာတ်မှန်ဆောင်

ယင်းနောက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကျားတက်စံပြကျေးရွာ တိုက်နယ်ဆေးရုံ ဓာတ်မှန်ဆောင် ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ၁၀သိန်းနှင့် ဆားလင်းကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေကျပ်ငါးသိန်းတို့ကို မန္တလေးမြို့ မနောသုခ သစ်သီးပွဲရုံပိုင်ရှင် သုဓမ္မဇောတဓရ ဦးခင်မောင်က ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံသို့လည်းကောင်း၊ အလှူရှင်များက တိုက်နယ်ဆေးရုံ ဓာတ်မှန်ဆောင် ဆောက်လုပ်ရန် စုပေါင်းလှူဒါန်းငွေ ကျပ်ခြောက်သိန်းတို့ကို ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းတို့ထံသို့လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆားလင်းကြီးမြို့နယ် ကျားတက်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ပန်းတိုင်ကျောင်းဆောင်သစ်ခန်းမ၌ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မရမ်းကုန်းမြို့နယ်၌ စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် အထက(၁) စန္ဒိမာကျောင်းသားဟောင်းများ ပူးပေါင်း၍ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို မရမ်းကုန်းမြို့နယ် အထက(၁) စန္ဒိမာခန်းမ၌ ဇန်နဝါရီ ၂၃ရက်က ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်ဇော် (မရမ်းကုန်း)၊ ကျောင်းအုပ်ဆရာကြီး ဦးမောင်လုံး **(အပေါ်ပုံ)**တို့က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် စာရေးဆရာကောင်းသန့်က **"စာဖတ်ပါ၊ တွေးပါ"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သန်လျင်မောင်မောင်ဦးက **"ရယ်စရာ၊ မောစရာ"** ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

မတည်လှူဒါန်း

အဆိုပါအခမ်းအနား၌ မရမ်းကုန်းမြို့နယ် အထက(၁) ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန္ဒမွန် ဆေးတိုက်ပိုင်ရှင် ဒေါ်အေးအေးလှိုင်က ငွေကျပ်တစ်သိန်းငါးသောင်း မတည်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၁၁၁)**

ဇန်နဝါရီ ၁၂ရက်က အလက(၃) တာမွေနှင့် အထက(၅) မင်္ဂလာတောင်ညွန့် (ယခင် စိန့်မိုက်ကယ်ကျောင်း)၏ အဌမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပရာ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြစဉ်။ (မြန်မာ့အလင်း)

စာအုပ်စာပေ လူ့မိတ်ဆွေ

ထုတ်လုပ်

တရုတ်နိုင်ငံ ကွမ်ဒေါင်းပြည်နယ်ရှိ သားရေအိတ် ထုတ်လုပ်သည့် စက်ရုံ၏လုပ်ငန်းခွင်ကို ဇန်နဝါရီ ၂၇ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကင်ညာသမ္မတ ကီဘာကီ အတိုက်အခံအား ဝန်ကြီးချုပ်မခန့်ဟုဆို

နိုင်ရိုဘီ ဇန်နဝါရီ ၂၈

ကင်ညာအတိုက်အခံခေါင်းဆောင် အိုဒင်ဂါအား ဝန်ကြီးချုပ်ရာထူးပေးရန် ကမ်းလှမ်းခဲ့သည်ဟုဆိုခြင်းကို မဟုတ်မမှန်ကြောင်း ကင်ညာသမ္မတ ကီဘာကီက ဇန်နဝါရီ ၂၆ရက်တွင် ငြင်းဆိုလိုက်သည်။

ငြင်းဆို

ကင်ညာခေါင်းဆောင်သည် အဓိက အတိုက်အခံပါတီခေါင်းဆောင် လိမ္မော်ရောင် ဒီမိုကရက်တစ် လှုပ်ရှားမှုအဖွဲ့မှ အိုဒင်ဂါအား ဝန်ကြီးချုပ် ရာထူးနေရာအတွက် ကမ်းလှမ်းပေးခဲ့သည်ဆိုခြင်းကို မဟုတ်မမှန်ကြောင်း ငြင်းဆိုခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရုရှားမှတင်ပို့သော နျူကလီးယားလောင်စာဆီသဘော် အီရန်နိုင်ငံသို့ သတ္တမမြောက်အဖြစ် ရောက်ရှိလာ

တီဟီရန် ဇန်နဝါရီ ၂၈

အီရန်နိုင်ငံသည် ဘူရှာပင်လယ်ကွေ့ဆိပ်ကမ်း၌ ပထမဆုံးနျူကလီးယားစက်ရုံတည်ဆောက်လျက်ရှိရာ ဇန်နဝါရီ ၂၈ရက်က ရုရှားနိုင်ငံမှတင်ပို့သော သတ္တမမြောက်နျူကလီးယားလောင်စာဆီသဘော်ကို လက်ခံရရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက အီနာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါ နျူကလီးယားလောင်စာဆီသဘော်တွင် သန့်စင်ပြီး ယူရေနီယံတန်ချိန် ၁၁ တန်ပါရှိကြောင်း အီရန်နျူကလီးယားစွမ်းအင်ထုတ်လုပ်ရေးနှင့် ဖွံ့ဖြိုးရေးကုမ္ပဏီ၏ ပြောကြားချက်ကို ကိုးကားလျက် ၎င်းသတင်းဌာနက ဖော်ပြသည်။

ချမှတ်ထား

ကျန်ရှိနေသေးသည့်နျူကလီးယားလောင်စာဆီများကိုလည်း ရုရှားထံမှ အီရန်နိုင်ငံက လက်ခံရယူရန် အစီအစဉ်များရှိကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

ပြောကြား

အဆိုပါ နျူကလီးယားစက်ရုံအတွက်လိုအပ်သော လောင်စာဆီကို ရုရှားနိုင်ငံမှ ရယူလျက်ရှိရာ စုစုပေါင်းတန်ချိန် ၈၂ တန်အနက်မှ ၇၇ တန် လက်ခံရယူခဲ့ပြီးဖြစ်ကြောင်း ၎င်းကုမ္ပဏီက ပြောကြားသည်။

သဘောတူညီ

ယင်းနျူကလီးယားလောင်စာဆီ တန်ချိန် ၈၂ တန်ကို ရုရှားနိုင်ငံက နှစ်လအတွင်း အရောက်ပေးပို့သွားရန် နှစ်နိုင်ငံအကြား သဘောတူညီထားခဲ့သည်။

သဘောတူညီ

၎င်းနျူကလီးယား ဓာတ်အားပေးစက်ရုံသည် အီရန်နိုင်ငံ၏ ပထမဆုံးသော နျူကလီးယား ဓာတ်အားပေးစက်ရုံဖြစ်ပြီး အီရန်တောင်ပိုင်း ဘူရှာဆိပ်ကမ်း၌ တည်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဒိုဟာနှင့် ကွမ်ကျိုးသို့ လေကြောင်းခရီးစဉ် ကာတာ လေကြောင်းလုပ်ငန်း တိုးချဲ့ပျံသန်း

ပေကျင်း ဇန်နဝါရီ ၂၈

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ကျိုးမြို့နှင့် ကာတာနိုင်ငံ ဒိုဟာမြို့အကြား ယခုနှစ် မတ်လ ၃၁ ရက်မှစတင်၍ လေကြောင်းခရီးစဉ် စတင်ပျံသန်းမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၅ ရက်က ကာတာနိုင်ငံလေကြောင်း လုပ်ငန်းမှ သတင်းထုတ်ပြန်သည်။

ကာတာလေကြောင်းလုပ်ငန်းသည် ဒိုဟာမြို့ လေကြောင်းအခြေစိုက်စခန်းမှ ပင်လယ်ကွေ့ဒေသဖြစ်သည့် တရုတ်နိုင်ငံ ကွမ်တုံပြည်နယ် ကွမ်ကျိုးမြို့သို့ ပထမအကြိမ်လေကြောင်းခရီးစဉ် စတင်ခြင်းဖြစ်ကြောင်း ယင်းမြို့သည် လူဦးရေ ၁၀သန်းနီးပါးအတွက် ခရီးသွားဝန်ဆောင်မှုပေးနိုင်မည်ဖြစ်သည်။

၎င်းလေကြောင်းလုပ်ငန်းမှ အဲဘတ်စ်အေ–၃၃၀ ဖြင့် အပတ်စဉ် ကွမ်ကျိုးမြို့သို့ လေးကြိမ်ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း အဆိုပါလေကြောင်း လုပ်ငန်းက ပြောကြားသည်။

ကာတာလေကြောင်းလိုင်းမှ တရုတ်နိုင်ငံ ပေကျင်းမြို့၊ ရှန်ဟိုင်းမြို့နှင့် ဟောင်ကောင်သို့ လေကြောင်းခရီးစဉ် တိုးချဲ့ပျံသန်းမည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ အရောင်းကုန်တိုက်တစ်ခု၌ ခြင်္သေ့အကဖြင့် ဖြေဖျော်နေသည်ကို ဇန်နဝါရီ ၂၇ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဂါဇာအကျပ်အတည်း ဖြေရှင်းရန် အီဂျစ်က ဟားမတ်စ်အုပ်စုကိုဖိတ်ခေါ်

ကိုင်ရို ဇန်နဝါရီ ၂၈

ချိုးဖျက်ထားသည့် ဂါဇာနယ်ခြား အကျပ်အတည်းကိုဆွေးနွေးရန် အီဂျစ်နိုင်ငံက ပါလက်စတိုင်းစစ်သွေးကြွ ဟားမတ်စ်အုပ်စုကို ဖိတ်ခေါ်လိုက်သည်။

ဖိတ်ကြား

သဘောထားကွဲလွဲမှုများ အဆုံးသတ်ရေးကိစ္စဆွေးနွေးရန် အီဂျစ်သမ္မတမူဘာရက်က ဟားမတ်စ်အုပ်စုနှင့် ဖတာအုပ်စုတို့ကို ဖိတ်ကြားသည်။

ဟားမတ်စ်အုပ်စုက ရာဖာရှိ ဂါဇာနယ်ခြားတံတိုင်းကို ဖောက်ခွဲဖြိုဖျက်ပြီး အီဂျစ်အစောင့်များက ထိန်းမနိုင်သိမ်းမရဖြစ်ရသည်မှာ ငါးရက်ကြာသွားပြီဖြစ်သည်။

စီစဉ်ထား

ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်သည် အစ္စရေးဝန်ကြီးချုပ် အိုလ်မတ်နှင့် ဇန်နဝါရီ ၂၇ ရက်တွင် တွေ့ဆုံရန် စီစဉ်ထားသည်။

အစ္စရေးကပိတ်ဆို့ထားခြင်းကြောင့် ဂါဇာ၌နေထိုင်သူများသည် အီဂျစ်နိုင်ငံအတွင်း ဝင်ရောက်လာသည်။

စတင်ဖြစ်ပေါ်

ဂါဇာမှစစ်သွေးကြွများက အစ္စရေးနိုင်ငံအတွင်း ဒုံးကျည်များဖြင့်ပစ်ခတ်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးက ဂါဇာကမ်းမြောင်ကို ပိတ်ဆို့လိုက်သည့်အခါ ဂါဇာအကျပ်အတည်း စတင်ဖြစ်ပေါ်လာရသည်။ ဂါဇာအကျပ်အတည်းမှာ ၁၀ရက်ကြာပြီဖြစ်သည်။

(အင်တာနက်)

ပေါက်ကွဲမှုဖြစ်ပွား

အီတလီနိုင်ငံ ရောမမြို့ရှိ လာပက်ဇ်မြစ်ကမ်းနံဘေး၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းနေသည်ကို ဇန်နဝါရီ ၂၇ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဗီယက်နမ်၌ မူးယစ်မှောင်ခို ရောင်းဝယ်သူသုံးဦး သေဒဏ်ချမှတ်ခံရ

ဟနွိုင်း ဇန်နဝါရီ ၂၈

ဗီယက်နမ်နိုင်ငံ၌ ဘိန်းဖြူ ၅ဒသမ ၃ ကီလိုနီးပါး တရားမဝင်ရောင်းဝယ်မှုနှင့် ပတ်သက်သူ သုံးဦးအား သေဒဏ်ချမှတ်လိုက်ပြီး အခြားနှစ်ဦးကို ထောင်ဒဏ်တစ်သက် ချမှတ်ခဲ့သည်။ အခြားခြောက်ဦးကိုလည်း ထောင်ဒဏ် ၁၃ နှစ်မှ အနှစ် ၂၀ စီ ချမှတ်ခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက သတင်းရေးသားဖော်ပြသည်။

ချမှတ်

ယင်းတို့အား ဟိုချီမင်းပြည်သူ့တရားရုံးက သုံးရက်ကြာစစ်ဆေးခဲ့ပြီးနောက် ၎င်းသန့်မိုင် အသက် ၄၀၊ ဗန်တွန် ၃၅နှစ်နှင့် ၎င်းဘန်းတို့အား သေဒဏ်ချမှတ်ခဲ့သည်ဟုဆိုသည်။

မှောင်ခိုရောင်းဝယ်

ဗီယက်နမ်နိုင်ငံ၌ ၂၀၀၂ ခုနှစ် မတ်လမှ ၂၀၀၆ ခုနှစ် ဧပြီလအတွင်း မူးယစ်ဆေးဝါးမှောင်ခို ၁၁ဦး မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်ခဲ့သည်။

ဗီယက်နမ်ဥပဒေအရ ဘိန်းဖြူ ဂရမ် ၆၀၀ ရောင်းဝယ်ဖောက်ကားသူမည်သူမဆို သေဒဏ်သို့မဟုတ် ထောင်ဒဏ် တစ်သက်ချခံရမည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

ဂြိုဟ်တုတစ်စင်း ကမ္ဘာမြေသို့ ပျက်ကျလာနိုင်

နာဆာ ဇန်နဝါရီ ၂၈

အမေရိကန်ထောက်လှမ်းရေး ဂြိုဟ်တုတစ်စင်းသည် ထိန်းချုပ်မှု အပြင်သို့ ရောက်ရှိနေပြီး ဖေဖော်ဝါရီလကုန် သို့မဟုတ် မတ်လတွင် ကမ္ဘာမြေသို့ ပျက်ကျလာလိမ့်မည်ဟု မျှော်လင့်ရကြောင်း အစိုးရသတင်းရပ်ကွက်များက ပြောကြားသည်။

ကမ္ဘာပတ်လမ်းကြောင်းအပြင်ဘက်သို့ ရောက်ရှိသွားသော ဂြိုဟ်တုများစွာတို့သည် လွန်ခဲ့သောနှစ်များက ကမ္ဘာမြေသို့ ဘေးမသီရန်မခဘဲ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း အစိုးရ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဘေးအန္တရာယ်

အဆိုပါဂြိုဟ်တုတွင် ဟိုက်ဒရာဇင်း ဒုံးကျည်လောင်စာဆီတစ်မျိုး ပါရှိသည်။ ၎င်းလောင်စာဆီမှာ အဆိပ်ရှိသောဓာတုဗေဒပစ္စည်းတစ်မျိုး ဖြစ်သည်။ လူနှင့် ထိမိပါက ဘေးအန္တရာယ်ရှိသည်ဟု ဆိုသည်။

ပြန်လည်ဆင်းသက်

ထောက်လှမ်းရေးဂြိုဟ်တုများ သက်တမ်းကုန်၍ကမ္ဘာမြေသို့ပြန်လည်ဆင်းသက်သောအခါ ထိန်းချုပ်ပြီး သမုဒ္ဒရာအတွင်းသို့ ကျစေကြောင်း ကာကွယ်ရေးသုတေသနအဖွဲ့ ညွှန်ကြားရေးမှူး ဂျွန်ပိုက်က ပြောကြားသည်။

ယုံကြည်ထား

ဖော်ပြပါဂြိုဟ်တုမှာ ကမ္ဘာ့လေထုအတွင်းသို့ ပြန်လည်ဝင်ရောက်သည့် အခါ မီးလောင်ပြီး ကမ္ဘာမြေသို့ ပျက်ကျလာနိုင်ကြောင်း အမေရိကန်စစ်ဘက် သိပ္ပံပညာရှင်များက ယုံကြည်ထားကြသည်။

ယင်းဂြိုဟ်တုမှာ အလေးချိန် ပေါင်နှစ်သောင်းရှိပြီး ဘတ်စ်ကားငယ်တစ်စီး မျှရှိသည်ဟု ဆိုသည်။

(အင်တာနက်)

ပါလက်စတိုင်း ပီအက်ဖ်အယ်လ်ပီအဖွဲ့ ထူထောင်သူ ဂျော့ဟာဘက်ရှ် နှလုံးရောဂါဖြင့်သေဆုံး

အမ္မန် ဇန်နဝါရီ ၂၈

သဘောထားတင်းမာသည့်ပါလက်စတိုင်းလွတ်မြောက်ရေးဆိုင်ရာ ပြည်သူ့တပ်ဦး(ပီအက်ဖ်အယ်လ်ပီ)ကိုထူထောင်သူ ဂျော့ဟာဘက်ရှ် ဂျော်ဒန်နိုင်ငံ၌ ကွယ်လွန်သွားကြောင်း သူ့မိတ်ဆွေများက ပြောဆိုသည်။

အသက်၈၀အရွယ်တွင် ဂျော့ဟာဘက်ရှ်သည် နှလုံးရောဂါဖြင့်သေဆုံးခြင်းဖြစ်သည်။

ကြေညာ

မစ္စတာဟာဘက်ရှ်ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် သုံးရက် သတ်မှတ် လိုက်ကြောင်း ပါလက်စတိုင်းခေါင်းဆောင် မာမွတ် အဘတ်စ်က ကြေညာသည်။

ကျော်ကြား

ပီအက်ဖ်အယ်လ်ပီသည်၁၉၇၀ပြည့်နှစ်များက လေယာဉ်ပြန်ပေးဆွဲမှုများ၊ ဗုံးခွဲမှုနှင့် ပြန်ပေးဆွဲမှုများကြောင့် နာမည်ဆိုးဖြင့် ကျော်ကြားသည်။

ထိုအဖွဲ့သည် ပါလက်စတိုင်းလွတ် မြောက်ရေးအဖွဲ့(ပီအယ်လ်အို)၌ ဒုတိယအင်အားအကြီးဆုံးအဖွဲ့ ဖြစ်သည်။ **(အင်တာနက်)**

ဆီးနှင်းများကျဆင်း

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်၌ ဆီးနှင်းများ သိပ်သည်းစွာ ကျဆင်းသဖြင့် ယာဉ်သွားလမ်းများပိတ်ဆို့မှု ဖြစ်ပွားနေသည်ကို ဇန်နဝါရီ ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကင်ညာ၌ အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနေ အနည်းဆုံး ၇၅၀သေဆုံးပြီး ပြည်သူများ ဒုက္ခမျိုးစုံတွေ့ကြုံ

နိုင်ရိုဘီ ဇန်နဝါရီ ၂၈

ကင်ညာနိုင်ငံ၌ ရွေးကောက်ပွဲရလဒ်အပေါ်မကျေနပ်၍ အစိုးရနှင့် အတိုက်အခံတို့အကြား တင်းမာမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

ကင်ညာနိုင်ငံ နိုင်ဗာရှာမြို့၌ အကြမ်းဖက်မှုဖြစ်ပွားခဲ့ရာ ဒေသနေအိမ်များ မီးလောင်ပျက်စီးနေသည်ကို ဇန်နဝါရီ ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဇန်နဝါရီ ၂၆ရက်က ကင်ညာနိုင်ငံ အနောက်ပိုင်း နိုင်ဗာရှာမြို့၌ လူငယ်ဂိုဏ်းအဖွဲ့ဝင်များ အကြမ်းဖက်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံးကိုးဦး သေဆုံးသွားကြောင်း သတင်းများက ဖော်ပြသည်။

တည်ရှိ

အဆိုပါမြို့သည် မကြာမီက အကြမ်းဖက်မှု ဖြစ်ပွားခဲ့သော နာကုရုမြို့ တောင်ဘက် ၃၇မိုင်အကွာ၌ တည်ရှိပြီးယင်းမြို့မှာနာကုရုနှင့် နိုင်ရိုဘီမြို့ အကြားလမ်းမကြီးပေါ်တွင်တည်ရှိသည်။

တွေ့ဆုံဆွေးနွေး

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်းကိုဖီအာနန်သည် ကင်ညာနိုင်ငံ၌ ဖြစ်ပွားနေသော ပြဿနာရပ်များ အဆုံးသတ်ရန် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခြင်းဖြင့် ကြိုးစားနေသည်။ ကိုဖီအာနန်သည် ဇန်နဝါရီ ၂၇ရက်က အတိုက်အခံခေါင်းဆောင် အိုဒင်ဂါနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ မစ္စတာအိုဒင်ဂါက ပြီးခဲ့သည့်ဒီဇင်ဘာလ ရွေးကောက်ပွဲတွင် သမ္မတ ကီဘာကီအား မရိုးမသားဆောင်ရွက်ခဲ့ကြောင်း စွပ်စွဲထားသည်။

ယင်းကဲ့သို့ ရွေးကောက်ပွဲ အငြင်းပွားမှုကြောင့် ကင်ညာနိုင်ငံ၌ အနည်းဆုံး ပြည်သူ၇၅၀ကျော် သေဆုံးခဲ့ရပြီး လူပေါင်း ၂၅၀၀၀၀ အိုးမဲ့ အိမ်မဲ့ဖြစ်ခဲ့ရသည်။

(အင်တာနက်)

ဗုံးဖောက်ခွဲ

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့၌ အကြမ်းဖက် ဗုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် မြင်ကွင်းကို ဇန်နဝါရီ ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နီပေါ၌ ကြွက်ကောင်ရေစာရင်း ကောက်ယူမည်

ခတ္တမန္ဒူ ဇန်နဝါရီ ၂၈

နီပေါသဘာဝတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့က ဖေဖော်ဝါရီလလယ်မှစပြီး ကြွံသတ္တဝါများစာရင်းကို ကောက်ယူသွားမည် ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းမီဒီယာက ဇန်နဝါရီ ၂၅ရက်တွင် ထုတ်ပြန်သည်။

ပူးပေါင်းဆောင်ရွက်

အဆိုပါ ကြွံသတ္တဝါများစာရင်းကို ကမ္ဘာ့တောရိုင်းထိန်းသိမ်းရေး ရန်ပုံငွေအဖွဲ့နှင့် နီပေါ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နီပေါ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေး အတွင်းရေးမှူး ကူမာဘာနီယာက ပြောကြားသည်။

ကြွံကောင်ရေပုံမှန်တိုးပွားလာအောင် ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးကို ကြပ်ကြပ်မတ်မတ် လုပ်ဆောင်သွားရန်လိုကြောင်း ၎င်းကပြောကြားသည်။

ကောက်ယူ

နီပေါနိုင်ငံသည် ၁၉၅၀ပြည့်နှစ်က ကြွံကောင်ရေ စာရင်းကို ပထမဆုံးအကြိမ်စာရင်းကောက်ယူခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် ကြွံကောင်ရေ ၈၀၀ခန့်ရှိသည်ဟု ဆိုသည်။

ကျဆင်းလာ

ကြွံသတ္တဝါများအား အမဲလိုက်သတ်ဖြတ်မှုကြောင့် တဖြည်းဖြည်း ကောင်ရေ ကျဆင်းလာနေကြောင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး ပညာရှင်ဒေါက်တာဂိုဝါသီက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရုရှားမှ အဆင့်မြင့်ထုတ်ကုန်ပစ္စည်းများ တရုတ်နိုင်ငံက ဝယ်ယူတင်သွင်းမည်

ပေကျင်း ဇန်နဝါရီ ၂၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ရုရှားနိုင်ငံမှထုတ်လုပ်သော အဆင့်မြင့်နည်းပညာနှင့် ဆက်စပ်ပစ္စည်း၁၅၆မျိုးကို ဇန်နဝါရီ ၂၆ရက်က ပေကျင်းမြို့၌ နှစ်နိုင်ငံသဘောတူညီချက်အရ တင်သွင်းသွားမည်ဟု ဆိုသည်။

ပါဝင်

အဆိုပါပစ္စည်းများတွင် စွမ်းအင်နည်းပညာသုံးပစ္စည်း၆၃မျိုးနှင့် ဆေးနှင့် ဇီဝကမ္မဆိုင်ရာပစ္စည်း၆၃မျိုးတို့ ပါဝင်သည်။ ပလတ်စတစ်ထိန်းချုပ်ရေး ပစ္စည်းကဲ့သို့သော နည်းပညာသစ် ပစ္စည်း၁၇မျိုး၊ ပတ်ဝန်းကျင် တားဆီးကာကွယ်ရေးနှင့် စိုက်ပျိုးရေးနည်းပညာသုံးပစ္စည်း ၁၇မျိုးတို့ ပါဝင်သည်။

အဆိုပါ စီမံကိန်းသဘောတူညီချက်ကို တရုတ်-ရုရှားကုန်သွယ်ရေး ဖိုရမ်၌ လက်မှတ်ရေးထိုးခဲ့ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်ရေး ချိန်ခွင်လျှာတိုးတက်လာရန် မျှော်လင့်ထားကြောင်း ပြည်ပနိုင်ငံဆက်ဆံရေးအသင်းဥက္ကဋ္ဌ ချန်ဟိုစုက ပြောကြားသည်။

တိုးတက်မှု

တရုတ်နှင့် ရုရှားနိုင်ငံတို့အကြား ၂၀၀၇ခုနှစ်က ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ၄၈ဘီလီယံဖိုးရှိပြီး နှစ်ချင်းအလိုက် တိုးတက်မှု ၄၄ ရာခိုင်နှုန်းရှိခဲ့သည်ဟု ဆိုသည်။

နှစ်နိုင်ငံကုန်သွယ်မှုမှာ ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ဘီလီယံ၆၀မှ ၈၀အထိ ရှိလာလိမ့်မည်ဟု ခန့်မှန်းထားကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

29-1 (05) 1 1/29/08, 2:03 AM

အမေရိကန်နိုင်ငံ၏ စီးပွားရေးအရှိန်လျော့နိုင် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ အကြီးအကဲခန့်မှန်း

ဒေဗို့စ် ဇန်နဝါရီ ၂၈

အမေရိကန်နိုင်ငံ၏ စီးပွားရေးမှာ စိုးရိမ်ဖွယ်ရာ အခြေအနေအထိ အရှိန်လျော့သွားနိုင်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်) ဦးဆောင်ညွှန်ကြားရေးမှူး စထရော့ကန်က ဒေဗို့စ်မြို့၌ စနေနေ့က ခန့်မှန်းပြောကြားလိုက်သည်။

ဆွစ်ဇာလန်နိုင်ငံ ဒေဗို့စ်မြို့၌ ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်နေသည့် အိုင်အမ်အက်ဖ် အကြီးအကဲစထရော့ကန်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

အသိပေး

နိုင်ငံရေးနှင့် စီးပွားရေး ခေါင်းဆောင် ၂၅၀၀ခန့်တက်ရောက်သည့် အဆိုပါ နှစ်ပတ်လည်ညီလာခံသို့ တက်ရောက်လာသူများသည် အမေရိကန်မှ အိမ်ရာမြေဝယ်ယူသူများ အပေါင်စာချုပ်ဖြင့် ငွေထုတ်ချေးမှုပြဿနာ ပေါ်ပေါက်လာပြီးနောက် အမေရိကန်စီးပွားရေးအလားအလာအပေါ်စိုးရိမ်မှုများရှိနေကြသည်။ အချို့သော စီးပွားရေးပညာရှင်များက အမေရိကန်စီးပွားရေး ကပ်ဆိုက်နိုင်သည်ဟုပင် အသိပေးပြောဆိုလာကြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အာဖဂန်၌ ဗုံးဖောက်ခွဲတိုက်ခိုက် ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရ

ကဘူးလ် ဇန်နဝါရီ ၂၈

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် ဇန်နဝါရီ ၂၇ ရက်က လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်မှုကြောင့် အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိသွားကြောင်း အာဖဂန်နစ္စတန် အရာရှိများက ပြောကြားသည်။

ဖြစ်ပွားမှုမှာ အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ပန်ဂါယီခရိုင်အတွင်း ဇန်နဝါရီ၂၇ရက်ကကင်းလှည့်လာသော အာဖဂန်နစ္စတန် ရဲတပ်ဖွဲ့ဝင်များ၏မော်တော်ယာဉ်ကို တာလီဘန်တိုက်ခိုက်ရေးသမားများက အဝေးထိန်းစနစ်ဖြင့် လမ်းဘေးဗုံးဖောက်ခွဲ တိုက်ခိုက်ခြင်းဖြစ်သည်။

တာလီဘန်တိုက်ခိုက်ရေး သမားများသည်အာဖဂန်နစ္စတန်ရှိအမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များကို တိုက်ခိုက်မှုနှင့် လမ်းဘေးဗုံးဖောက်ခွဲမှုများဖြင့် နေ့စဉ်တိုက်ခိုက်လျက်ရှိသည်။

ထို့အတူ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းဆောင် ရွက်နေသော အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့ဝင်များကိုလည်း တာလီဘန်လက်နက် ကိုင်များက တိုက်ခိုက်လျက်ရှိသည်။

တာလီဘန် လက်နက်ကိုင်များက ၂၀၀၈ခုနှစ်၌ အာဖဂန်နစ္စတန်ရှိ အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့ဝင်များကို အရှိန်မြှင့်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း တာလီဘန်တို့က ပြောကြားသည်။

(အင်တာနက်)

သတင်းမှပေးသောဟာသ

ဩော် ... ဒေါက်တာ ... ဒေါက်တာ

မော်တော်ဆိုင်ကယ်ဝပ်ရှော့တစ်ခုရှိ အလုပ်များနေသော စက်ပြင်ဆရာထံသို့ ဒေါက်တာစီမွန်အမည်ရှိ ဆရာဝန်တစ်ဦးရောက်လာသည်။ ဆရာဝန်ကသူ့ ဆိုင်ကယ်ကိုပြင်ရန် အလုပ်များနေသော စက်ပြင်ဆရာအား စောင့်ဆိုင်းနေစဉ် စက်ပြင်ဆရာက တွေ့သွားပြီးနှုတ်ဆက်လိုက်သည်။

စက်ပြင်ဆရာ ။ ။"ဒေါက်တာ ဆိုင်ကယ်ပြင်မလို့လား"

ဒေါက်တာ ။ ။"ဟုတ်တယ်၊ ဆိုင်ကယ်ကိုကြည့်ပေးပါဦး"

စက်ပြင်ဆရာ ။ ။ကောင်းပါပြီ၊ အင်ဂျင်ကိုဒီလိုဖွင့်၊ ပစ္စည်းတွေကို ဒီလိုတစ်ခုစီစစ်ဆေး၊ မကောင်းတဲ့ အစိတ်အပိုင်းတွေ့ရင် ပြင်လိုက်၊ ဒါဆိုပြီးပြီပေါ့၊ ဟောဒီမှာ ဒါကိုပြင်လို့ရပြီ"

ထိုသို့ပြောပြီး စက်ပြင်ဆရာက အတွေးတစ်ခုဝင်သွားကာ-

စက်ပြင်ဆရာ ။ ။ဒါနဲ့ဒေါက်တာ၊ ဒေါက်တာတို့လဲ လူနာတွေကို ဒီလိုပဲ စစ်ဆေး၊ ခွဲစိတ်ကုသကြတာ၊ ကျွန်တော်တို့ အလုပ်နဲ့ အခြေခံတော့ အတူတူပါပဲ၊ ဒါပေမယ့် ဒေါက်တာတို့လိုဝင်ငွေမကောင်းဘူး၊ ဘာကွာခြားနေလဲ မသိဘူး"

ဒေါက်တာ ။ ။ခင်ဗျားက ဆိုင်ကယ် မြန်မြန်ကောင်းအောင်ပြင်ပေးနေတာကိုး"

(အင်တာနက်)

တရုတ်အလယ်ပိုင်းနှင့် တောင်ပိုင်း၌ ဆီးနှင်းမိုးရွာသွန်း ရထားနှင့် လေကြောင်းခရီးစဉ်များ ဖျက်သိမ်းခဲ့ရ

ပေကျင်း ဇန်နဝါရီ ၂၈

တရုတ်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းတို့၌ ဆီးနှင်းများ ထူထပ်စွာကျဆင်းခြင်း၊ မိုးရွာသွန်းခြင်းနှင့် အအေးလွန်ကဲမှုတို့ကြောင့် အဝေးပြေးလမ်းမကြီးများ ပိတ်ထားရသဖြင့် ခရီးသည်ထောင်ပေါင်းများစွာ သောင်တင် ခဲ့ကြောင်း၊ (အပေါ်ပုံ) **အချို့လေကြောင်းပျံသန်းမှုများကိုလည်း ပယ်ဖျက်လိုက်ရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။**

ဟူနန်ပြည်ရှိ မီးရထားလမ်းများပေါ်တွင် နှင်းမိုးများရွာသွန်းခဲ့မှုကြောင့် ဓာတ်အားပေးစနစ် ပြတ်တောက်ကာ ရထားများရပ်ထားရသည်ဟု ဆိုသည်။

ပြောကြား

ကွမ်ကျိုးမီးရထား ကော်ပိုရေးရှင်းမှ နည်းပညာရှင်များနှင့် အလုပ်သမားများသည်ဒီဇယ်စက်ခေါင်းအလုံး၁၀၀နှင့်အတူ လျှပ်စစ်မီးရထားများကို ဆွဲယူရန် ကြိုးစားလျက်ရှိကြောင်း ကုမ္ပဏီပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ပေကျင်းမြို့နှင့်တရုတ်နိုင်ငံ တောင်ပိုင်း ကွမ်ကျိုးတို့အကြား ဘူတာအချို့၌ ခရီးသည် ၄၀၀၀၀ခန့် သောင်တင်နေကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

သတင်းမှပေးသော အသိနှင့်သတိပြုဖွယ်

မောင်မောင်မြင့်ဆွေ

အရက်မူးပြီး ရထားလမ်းပေါ် လမ်းလျှောက်သော်....

ယူကရိန်းနိုင်ငံ ကိယက်ဗ်မြို့တွင် ဇန်နဝါရီ ၂၇ရက်က မင်္ဂလာပွဲတစ်ခုမှပြန်လာသော လူငယ်တစ်စု ရထားတိုက်ခံရပြီး သေဆုံးခဲ့ရကြောင်း ကိယက်ဗ်မြို့ ရဲတပ်ဖွဲ့မှ ပြောကြားသည်။

အရက်သောက်စား

အခင်းဖြစ်ပွားမှုမှာ ကိယက်ဗ်မြို့ ဆင်ခြေဖုံးရှိ ဇန်နဝါရီ ၂၇ရက်က မင်္ဂလာပွဲတစ်ခု၌ အရက်သောက်စား မူးယစ်ပြီး ပြန်လာသော အသက် ၁၇နှစ်နှင့် ၂၂နှစ်အကြား လူငယ်ခြောက်ဦးတို့သည် မီးရထားလမ်းပေါ် တက်ကာ လမ်းလျှောက်ခဲ့ကြသည်။

ပွဲချင်းပြီးသေဆုံး

ထို့အချိန်တွင် အရက်မူးယစ်နေသည့် လူငယ်ခြောက်ဦးတို့ နောက်မှ အရှိန်မြှင့်မောင်းနှင်လာသော အမြန်ရထားတစ်စင်းက အချက်ပေးဟွန်းတီးခဲ့သော်လည်း မီးရထားလမ်းဘေးမဆင်းခဲ့ဘဲ ဆက်လျှောက်နေသဖြင့် ရထားတိုက်ခံရကာ လူငယ်ခြောက်ဦးစလုံး ပွဲချင်းပြီး သေဆုံးခဲ့ရခြင်းဖြစ်သည်။ အရက်မူးယစ်ပြီး ရထားလမ်းပေါ် လမ်းလျှောက်သူတို့အတွက် သတိပြုဆင်ခြင်ဖွယ်ပင်....။

(အင်တာနက်)

လုပ်ငန်းခွင်၌ သတိလက်လွတ်လုပ်ကိုင်ခဲ့ပါလျှင်...

ကိုလံဘီယာနိုင်ငံ ဘိုရိုဒါးမြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ ဇန်နဝါရီ ၂၇ရက်က ဝန်ချီစက်မှ ဆောက်လုပ်ရေးပစ္စည်းများ ပြုတ်ကျသဖြင့် အလုပ်သမားသုံးဦး သေဆုံးခဲ့ရသည့်ဖြစ်ရပ် ဖြစ်ပွားခဲ့သည်။

သေဆုံးခဲ့ရ

အခင်းဖြစ်ပွားမှုမှာ ဘိုရိုဒါးမြို့ရှိ အထပ်မြင့် အဆောက်အအုံတစ်ခုတည်ဆောက်ရေးလုပ်ငန်းခွင်၌ ဝန်ချီစက်မောင်းသူသည် သတိလက်လွတ်ဖြစ်ကာ ခလုတ်မှားနှိပ်မိသဖြင့် ဝန်ချီစက်ဖြင့် သယ်မထားသော သံချောင်းကြီးများ ပြုတ်ကျခဲ့ရာမှ အောက်တွင်ရှိသည့် အလုပ်သမားသုံးဦး သေဆုံးခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် အန္တရာယ်ရှိသော လုပ်ငန်းခွင်၌ ပေါ့ပေါ့ဆဆ သတိလက်လွတ် လုပ်ကိုင်ခဲ့ပါလျှင် ....။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းသတင်း

ဝင့်ကြွေးရှိရင် ပြေပါစေတော့

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

တင်မိုသီမာစတာ၏ ရှေ့နေ မာရီယာလီယူ၏ အမှန်တရားကို မရမနေ ဖော်ထုတ်ခဲ့မှုကြောင့်သာ သူ၏ဘဝ သောကပင်လယ်မှ လွတ်မြောက်ခဲ့ရ

ဒင်ဘာမြို့သည် အမေရိကန်နိုင်ငံ ကော်လိုရာဒို ပြည်နယ်၏ မြို့တော်ဖြစ်သည်။ လူဦးရေငါးသိန်းကျော် နေထိုင်ပြီး စည်ကားလှသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် စီးပွားရေး အချက်အချာကျသော မြို့တော်ဖြစ်သည်။

ဖြေမဆည်နိုင်အောင်ခံစားရ

ဒင်ဘာမြို့သည်တင်မိုသီမာစတာ **(အပေါ်ယာပုံ)**၏ ဇာတိချက်ကြွေမွေးရပ်မြေ ဖြစ်သည်။ သူ့တစ်သက်တာတွင် ပြင်ပလောကနှင့် ကင်းကွာကာ နံရံလေးဖက်အတွင်း၌ တစ်သက်တာ ကုန်ဆုံးရတော့မည်ဟု စိတ်နှလုံးပိုင်းဖြတ်ထားမိသည်။ ထိုကဲ့သို့စိတ်ပိုင်းဖြတ်ထားပြီး သူ မကျူးလွန်ခဲ့သော ပြစ်မှုအတွက် ဆယ်စုနှစ်တစ်နှစ်နီးပါး ထောင်ထဲတွင် အသားလွတ်ပေးဆပ်ခဲ့ရပြီး မည်သို့မျှ ဖြေမဆည်နိုင်အောင် ခံစားခဲ့ရသည်။ တင်မိုသီမာစတာ၏ ရှေ့နေ မာရီယာလီယူ၏ အမှန်တရားကို မရမနေ ဖော်ထုတ်ခဲ့မှုကြောင့်သာ သူ၏ဘဝ သောကပင်လယ်မှ လွတ်မြောက်ခဲ့ရသည်။ ထိုနေ့က ၂၀၀၈ခုနှစ် ဇန်နဝါရီ ၂၆ရက်ဖြစ်ပြီး တင်မိုသီ၏ ဘဝတွင် အပျော်ရွှင်ဆုံးဖြစ်ကာ ဘဝသစ်တစ်ဖန် မွေးဖွားခဲ့သောနေ့ဟုပင် သတ်မှတ်ခဲ့မိသည်။

နောင်တရမဆုံး

သူ့အနေဖြင့် အတိတ်ကို ပြန်မစဉ်းစားချင်တော့။ မစဉ်းစားချင်

ကာမှ စိတ်ထဲတွင် တရေးရေး ပေါ်လာပြန်တော့သည်။ အေးအေးဆေးဆေး နေတတ်ပြီး မသိလိုက် မသိဘာသာနေတတ်သော သူ၏မွေးရာပါဗီဇကြောင့်ပင် သူ မကျူးလွန်ခဲ့သော ပြစ်မှုအတွက် ထောင်ထဲတွင် နှစ်ပေါင်းများစွာ ပေးဆပ်ခဲ့ရသည်။ ထို့အတွက် သူ့အနေဖြင့် နောင်တရ မဆုံးခဲ့။ တင်မိုသီသည် သူ၏မြို့တွင် အရပ်ဘက် ကာကွယ်ရေးအဖွဲ့ ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ အားလပ်ချိန်တွင်မူ အိမ်မှအပြင်သို့ ထွက်လေ့ထွက်ထမရှိပေ။

အေးချမ်းသာယာမှုအတိပြီး

အခင်းဖြစ်ခဲ့သည့် ၁၉၈၇ ခုနှစ် အလယ်ပိုင်းက သူသည် အိမ်တွင်အနားယူနေချိန်ဖြစ်သည်။ တင်မိုသီသည် တစ်ဦးတည်းသောသားဖြစ်သည်။ မိဘများဆုံးပါးသွားကြပြီးနောက် သူတစ်ဦးတည်း ခြံဝင်းကျယ်ကြီးထဲတွင် အိမ်ကြီးရခိုင်နှင့်နေထိုင်သည်။ စိုက်ပျိုးရေးပစ္စည်းအရောင်းဆိုင်မန်နေဂျာ ဖြစ်သည့် တင်မိုသီသည် ရသမျှဝင်ငွေဖြင့်ပင် ရောင့်ရဲတင်းတိမ်တတ်သူ ဖြစ်သည့်အပြင် လူတစ်ဖက်သားကို ကူညီတတ်ကာ စိတ်သဘောထား ပြည့်ဝသော ကြောင့် သူ၏ဘဝမှာ အေးချမ်းသာယာမှုအတိ ပြီးနေသည်။

ရှင်လျက်နှင့်သေသူ

ထိုနေ့ည မိုးချုပ်စ သူအနားယူနေချိန်၌ ရဲတပ်ဖွဲ့များ သူ၏အိမ်သို့ ရောက်လာကြသည်။ သူ၏အိမ်နှင့် ပေ၁၀၀ခန့်အကွာတွင် ၁၅နှစ်အရွယ်ရှိ ဟက်ထရစ်ဆိုသူ ယောက်ျားကလေးတစ်ဦး၏ အလောင်းကို တွေ့ရှိ၍ မေးမြန်းစုံစမ်းကြခြင်းဖြစ်သည်။ တင်မိုသီအနေဖြင့် ဘာမျှမသိကြောင်းကိုသာ အဖြေပေးနိုင်ခဲ့သည်။ ရဲတပ်ဖွဲ့က သူ၏ ဖြေရှင်းချက်ကို မယုံကြည်ဘဲ အနီးစပ်ဆုံး မသင်္ကာစာရင်းတွင် သူ့ကို ထည့်သွင်းပြီး ဖမ်းဆီးခဲ့တော့သည်။ နောက်ဆုံးတွင် တင်မိုသီသည် တရားရုံး၌ ယင်းအမှုကို နှစ်နှစ်နီးပါး ရင်ဆိုင်ကာ ၁၉၉၉ခုနှစ်တွင် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျခံခဲ့ရသည်။ တင်မိုသီအနေဖြင့် ဘဝတွင်ရှင်လျက်နှင့်သေသူကဲ့သို့ ခံစားခဲ့ရသည်။

ဒုက္ခနွံတောမှ လွတ်မြောက်

တင်မိုသီအနေဖြင့် သူ၏ရှေ့နေ မာရီယာလီယူက သူ့အမှုတွဲဖိုင်ဟောင်းကို ပြန်ဖွင့်ကာ သူ့တွင် အပြစ်မရှိကြောင်း ဒီအင်န်အေ စစ်ချက်များကို တရားရုံးသို့ အထောက်အထား ခိုင်ခိုင်လုံလုံဖြင့် ပြန်လည် တင်ပြနိုင်၍သာ တစ်သက်တာ ပြစ်ဒဏ်ကျခံရမည့် ဒုက္ခနွံတောမှ လွတ်မြောက်ခဲ့ရသည်။

ဖျောက်ဖျက်သင့်

ဤဖြစ်ရပ်တွင် တင်မိုသီအနေဖြင့် ဝင့်ကြွေးရှိရင် ပြေပါစေတော့ဟု ဆုတောင်းရုံမှတစ်ပါး အခြားမရှိသလို လူငယ်လူရွယ်များ အနေဖြင့်လည်း စူးစမ်းသင့်၊ လေ့လာသင့်သည်များကို စူးစမ်းလေ့လာပြီး သတင်းပို့သင့်သလို အရာရာကို မိမိနှင့်မဆိုင်သလို ဘာသိဘာသာ နေထိုင်တတ်သည့်အကျင့်ကို ဖျောက်ဖျက်သင့်ပါသည်ဟု သင်ခန်းစာယူဖွယ်ရာ တင်ပြလိုက်ရပါကြောင်း။ ။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❍ တူရကီနိုင်ငံ ကူတာဟာမြို့အနီးတွင် ဇန်နဝါရီ၂၇ရက်က ခရီးသည် ၄၃၆ ဦး တင်ဆောင်လာသောရထားတစ်စင်း လမ်းချော် တိမ်းမှောက်မှု ဖြစ်ပွားခဲ့ရာ ခရီးသည် ကိုးဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့သည်။ **(အပေါ်ပုံ)**



❒ **အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း၌ ဇန်နဝါရီ ၂၇ရက်က မုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် လော့စ်အိန်ဂျလိစ်မြို့တွင် မော်တော်ယာဉ်များနှင့် နေအိမ်များ ပျက်စီးခဲ့ရသည်။**

❍ အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း ဆိုနာဒါကျေးရွာ၌ ဇန်နဝါရီ၂၇ရက်က ဆီးနှင်းများထူထပ်သိပ်သည်းစွာကျဆင်းခဲ့ရာ ကျေးရွာလမ်းများအားလုံး ဖုံးလွှမ်းပြီး သွားလာရေးပြတ်တောက်သွားခဲ့သည်။

❒ အင်ဒိုနီးရှားနိုင်ငံ အရှေ့ကာလီမင်တန်ပြည်နယ်၌ ဇန်နဝါရီ၂၇ရက်က လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်မှူးအပါအဝင် နှစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးလျက်ရှိနေသည်။

❍ **ဂျော်ဒန်နိုင်ငံမြောက်ပိုင်း အီရာဘိုက်မြို့၌ ဇန်နဝါရီ၂၇ရက်က ကမ္ဘာလှည့်ခရီးသွားများ တင်ဆောင်လာသော ဘတ်စ်ကားတစ်စီးနှင့် ကုန်တင်ယာဉ်တစ်စီးတို့ တိုက်မိရာ လူ၂၀ ပွဲချင်းပြီး သေဆုံးခဲ့သည်။**

❒ ရုရှားနိုင်ငံ ဘိုင်ကိုနော့ဗ် အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဇန်နဝါရီ၂၈ရက် ဒေသစံတော်ချိန် နံနက် ၃နာရီ ၁၈မိနစ်က ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို သယ်ဆောင်သွားသော ရုရှားဒုံးပျံတစ်စင်း လွှတ်တင်လိုက်သည်။

❍ **ဖိလစ်ပိုင်နိုင်ငံ စီဘူးပြည်နယ်အလယ်ပိုင်း ဘာလမ်ဘန်အရပ်၌ ဇန်နဝါရီ၂၈ရက် နံနက်က ဖိလစ်ပိုင် စစ်ဘက်ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ ငါးဦးဒဏ်ရာရရှိခဲ့သည်။**

❒ တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ကျီအင်ယီကျေးရွာအနီး တောင်စောင်းတစ်ခု၌ လွန်ခဲ့သောနှစ်ပေါင်း၁၀၀၀ခန့်က ကြွေထည်ပစ္စည်းများပြုလုပ်ခဲ့သည့် အဆောက်အအုံတစ်ခုကို တရုတ်သုတေသနပညာရှင်များက ဇန်နဝါရီ၂၈ရက်၌ ရှာဖွေတွေ့ရှိခဲ့သည်။

၂၈–၁–၂၀၀၈ ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

တရုတ်–ဂျပန် ဆက်ဆံရေးတိုးမြှင့်ရန် ဆွေးနွေး

တရုတ်နှင့်ဂျပန်နိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးရေးဆိုင်ရာ (၇)ကြိမ်မြောက်အစည်းအဝေးကို တရုတ်နိုင်ငံ ပေကျင်းမြို့၌ စတင်ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ နှစ်ဖက်အဆင့်မြင့်ကိုယ်စားလှယ်များတက်ရောက်ကြပြီး နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန် ကဏ္ဍသစ်တစ်ရပ်ဖွင့်လှစ်နိုင်ရန်နှင့် အနာဂတ်ကာလ၌ တရုတ်နှင့်ဂျပန် နှစ်နိုင်ငံပြည်သူများ အပြန်အလှန် ရင်းနှီးစွာ ကူးလူးဆက်ဆံနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

တိုက်ခိုက်ရေး ရဟတ်ယာဉ်များဝယ်ယူမှု ဖိလစ်ပိုင်ဖျက်သိမ်း

ဖိလစ်ပိုင်နိုင်ငံက တိုက်ခိုက်ရေးရဟတ်ယာဉ် ခြောက်စင်း ဝယ်ယူရန် ပိုလန်အခြေစိုက်လေယာဉ်ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုထားမှုကို ဖျက်သိမ်းလိုက်သည်။

ပိုလန်အခြေစိုက်လေယာဉ်ကုမ္ပဏီ ပီဒီအယ်အနေဖြင့် စာချုပ်ပါ အချက်အလက်များကို ချိုးဖောက်ခဲ့သဖြင့် အမ်ဂျီ–၅၂၀ အက်ဖ် အမျိုးအစား တိုက်ခိုက်ရေးရဟတ်ယာဉ်ခြောက်စင်း ဝယ်ယူမည့် စာချုပ်ကို ဖျက်သိမ်းလိုက်ခြင်းဖြစ်သည်။

ဂါဇာနယ်စပ်မှ အီဂျစ်တပ်ဖွဲ့ဝင်များရုပ်သိမ်း

အီဂျစ်နှင့် ဂါဇာနယ်စပ်တွင်ချထားသော အီဂျစ်လုံခြုံရေးတပ်ဖွဲ့ဝင်များကို အီဂျစ်တို့ကပြန်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အီဂျစ်အရာရှိများက ပြောကြားသည်။

ပါလက်စတိုင်းတို့ အလုံးအရင်းဖြင့် ဝင်ရောက်မလာစေရန် အီဂျစ်တို့က နယ်စပ်၌ အတားအဆီးများပြုလုပ်ထားမည်ဖြစ်ကြောင်း အီဂျစ်အရာရှိများက ဆက်လက်ပြောကြားသည်။

ပါကစ္စတန်တပ်ဖွဲ့များ သူပုန် ၃၁ဦးတို့အားဖမ်းဆီးမိ

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းတွင် အစိုးရတပ်ဖွဲ့များက လက်နက်ကိုင်သူပုန် ၃၁ဦးကို ဖမ်းဆီးမိခဲ့ကြောင်း ပါကစ္စတန် စစ်ဘက်က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း မက်တာ၊ ဆမ်ဘတ်နှင့် ဘိုဒီဂရမ်ကျေးရွာများ၌ စစ်ဆင်ရေးဆောင်ရွက်ရာ သူပုန်များကို ဖမ်းဆီးနိုင်ခဲ့သည်။

ကြက်၊ ဘဲ တင်သွင်းမှု ဗီယက်နမ်ပိတ်ပင်

ဗီယက်နမ်နိုင်ငံက ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကို ဟန့်တားရန် နိုင်ငံတစ်ဝန်းတစ်နေရာမှ တစ်နေရာသို့ ကြက်၊ ဘဲ၊ ငှက်နှင့်ဥများကို သယ်ဆောင်ခွင့်ပြုမည်မဟုတ်ကြောင်း ဗီယက်နမ်အရာရှိများက ပြောကြားသည်။

ကြက်၊ ဘဲနှင့် ငှက်အသားများ ရောင်းချမှုကိုလည်း ကန့်သတ်မည်ဖြစ်သည်။ ထို့အတူ နယ်စပ်မှ ဖြတ်ကျော်တင်သွင်းလာသည့် ကြက်၊ ဘဲများနှင့် အသားများကို ပိတ်ပင်မည်ဖြစ်သည်။

ပါကစ္စတန်တပ်ဖွဲ့ဝင်များက အိန္ဒိယငါးဖမ်းသမားများအား ဖမ်းဆီး

တားမြစ် ကန့်သတ်ထားသည့် ရေပြင်ပိုင်နက်အတွင်းသို့ ဝင်ရောက်ခဲ့သော အိန္ဒိယငါးဖမ်းသမား ၁၀ဦးအား ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးလိုက်သည်။

အိန္ဒိယငါးဖမ်းသမားများသည် ပါကစ္စတန်ကမ်းရိုးတန်းမှ မိုင်၉၀ခန့်အကွာအထိ ဝင်ရောက်လာခဲ့သဖြင့် ယခုကဲ့သို့ဖမ်းဆီးခြင်းဖြစ်ကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

ယူအေအီး၏ ရွှေကုန်သွယ်မှုတိုးတက်

အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)၏ ရွှေကုန်သွယ်ရောင်းဝယ်မှုမှာ ၂၀၀၇ခုနှစ်က အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၀၃ ဘီလီယံရှိခဲ့ကြောင်း ယူအေအီးအရာရှိများက ပြောကြားသည်။

ယူအေအီးနိုင်ငံ၏ ရွှေကုန်သွယ်မှုမှာ ၂၀၀၆ ခုနှစ်ကထက် ၂၉ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး အဓိက ကုန်သွယ်ဖက်နိုင်ငံများမှာ အိန္ဒိယ၊ ဆွစ်ဇာလန်၊ မလေးရှား၊ ဩစတြေးလျ၊ တောင်အာဖရိက၊ အီတလီ၊ ဗြိတိန်၊ တူရကီနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ဖြစ်သည်။

ပါလက်စတိုင်းတို့အား အီရန်အကူအညီပေးမည်

ပါလက်စတိုင်းပြည်သူများအား အကူအညီပေးရန် မိမိတို့ကြိုးစားသွားမည်ဖြစ်ကြောင်း အီရန်အရာရှိတစ်ဦးက ပြောကြားလိုက်သည်။

ပါလက်စတိုင်းရှိ ဂါဇာကမ်းမြောင်ဒေသ၌ တိုက်ခိုက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသောပြည်သူများအား အီဂျစ်နိုင်ငံနှင့်ပူးတွဲကာ လိုအပ်သည့် အကူအညီများကို ပေးအပ်သွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံ၏ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကဆိုင်ရာ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဖြစ်သူ အလီအက်ဂါမိုဟစ်မာဒီက ပြောကြားသည်။

မော်လဒိုက်သမ္မတနိုင်ငံ

သတင်းအက်ဆေး

တိုး–ရေးသားသည်

ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးသည် ဦးစားပေးဆောင်ရွက်ရမည့် နိုင်ငံတကာအရေးကိစ္စတစ်ခု ဖြစ်သည်။ သို့သော် နိုင်ငံတကာအရေးကိစ္စဖြစ်၍ ကိုယ်နှင့်မဆိုင်ဟု သဘောထားရမည်ကား မဟုတ်ပေ။ ရာသီဥတုပြောင်းလဲမှု၏ အရင်းခံအကြောင်းများကို လူတိုင်းသိရှိဆင်ခြင်ရန် ပညာပေးရေး လှုံ့ဆော်မှုပြုသင့်သည်။ လူတိုင်း၏ အသိပေါ်အခြေခံပြီး နိုင်ငံအဆင့်၊ နိုင်ငံတကာ အဆင့်တို့ကို လုပ်ဆောင် အကောင်အထည်ဖော်ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုတိုက်ခိုက်ရေးလုပ်ငန်းစဉ်မှာ အောင်မြင်နိုင်မည်ဖြစ်သည်။

ပိုမိုမြင့်တက်လာ

ဤအချိန်၊ ဤကာလသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို အတိုင်းမသိ ပိုထွက်နေသည်ဆိုကာ ဖွံ့ဖြိုးပြီးနိုင်ငံများကို ဖွံ့ဖြိုးဆဲနိုင်ငံတို့က လက်ညှိုးထိုးစရာ မဟုတ်သလို၊ ဖွံ့ဖြိုးပြီး နိုင်ငံများအနေဖြင့်လည်း ကိုယ်ကျိုးစီးပွားကိုရှေ့တန်းမတင်လွန်းရန် အရေးကြီးပေသည်။ သို့မဟုတ်ပါက ကမ္ဘာ့လူဦးရေ တစ်နှစ်ထက်တစ်နှစ်၊ တစ်ချိန်ထက်တစ်ချိန် တိုးပွားများပြားလာရသည့်အထဲ၊ နေစရာ၊ ထိုင်စရာ ပိုမိုကျဉ်းလာမည့် ပြဿနာရှိသည်။ ကမ္ဘာ့ကြီးပူနွေးလာမှုနှင့်အတူ ပင်လယ်ရေမျက်နှာပြင် ပိုမိုမြင့်တက်လာမည်။

မဝေးလှ

ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာသည်နှင့်အမျှ ကမ္ဘာ့မြေပုံမှ ပျောက်ကွယ်သွားကြမည့် ကျွန်းနိုင်ငံများ၏ ဘဝမှာ စာနာဖွယ်ရှိသည်။ ထိုသို့သော ကျွန်းနိုင်ငံများတွင် ကျွန်းပ်တို့နှင့် မဝေးလှသော အိန္ဒိယတိုက်ငယ်၏ ကမ်းလွန်မှ မော်လဒိုက်သမ္မတနိုင်ငံလည်း ပါဝင်သည်။

လက်လွှဲယူ

မော်လဒိုက်သမ္မတနိုင်ငံမှာ ကျွန်းပေါင်း ၁၂၀၀နီးပါးဖြင့် ဖွဲ့စည်းထားသော ကျွန်းနိုင်ငံဖြစ်သည်။ မည်သည့်သန္တာကျွန်းမှာမှ ရေမျက်နှာပြင်အထက် ခြောက်ပေထက်မပိုပေ။ မော်လဒိုက်နိုင်ငံကို ၁၅၅၈ခုနှစ်တွင် ပေါ်တူဂီတို့သိမ်းပိုက်သည်။ သို့သော် ဒေသခံ တိုင်းရင်းသားတို့၏ တိုက်ထုတ်မှုကြောင့် ပေါ်တူဂီအုပ်စိုးမှု ၁၅၇၃ခုနှစ်တွင် အဆုံးသတ်သွားသည်။ ၁၇ ရာစုတွင် သီဟိုဠ်(သီရိလင်္ကာ)ကို အုပ်စိုးသည့် ဒတ်ချ်တို့၏ အစောင့်အရှောက်ခံနယ်မြေဘဝသို့ ကျရောက်သွားသည်။ ထို့နောက် ၁၇၉၆ခုနှစ်တွင် သီဟိုဠ်နိုင်ငံကို ဗြိတိသျှတို့ လက်လွှဲယူလိုက်သောအခါ အုပ်စိုးသူအသစ် လက်အောက်သို့ မော်လဒိုက်နိုင်ငံ ရောက်ရှိသွားပြန်သည်။

မူလအခြေအနေ

၁၈၈၇ခုနှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဗြိတိသျှအစောင့်အရှောက်ခံ နိုင်ငံဖြစ်လာသည်။ ၁၉၃၂ခုနှစ်တွင် ပထမဆုံးဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲအတည်ပြုလုပ်ပြီး နိုင်ငံ့ခေါင်းဆောင်ကို ရွေးချယ်ရသည့် ပသီနယ်ပယ်တစ်ခုဖြစ်လာသည်။ ၁၉၅၃ခုနှစ်တွင် ပသီနယ်ပယ်ကို ဖျက်သိမ်းပြီး ဓနသဟာယအဖွဲ့တွင်းမှ သမ္မတနိုင်ငံတစ်ခုဖြစ်လာပြန်သည်။ သို့သော် လပိုင်းအတွင်းတွင် မူလအခြေအနေ ပြန်ရောက်သည်။

ပြင်ဆင်

၁၉၆၅ခုနှစ်တွင် ဓနသဟာယ အဖွဲ့ပြင်ပမှ လုံးဝလွတ်လပ်သော ပသီနိုင်ငံဖြစ်လာသည်။ ၁၉၆၈ခုနှစ်တွင် ပြည်သူ့ဆန္ဒခံယူပွဲပြုလုပ်ပြီးနောက် သမ္မတနိုင်ငံထူထောင်သည်။ အီဘရာဟင်နာဆာမှာ မော်လဒိုက်သမ္မတနိုင်ငံ၏ သမ္မတ ဖြစ်လာသည်။ ၁၉၇၈ခုနှစ်တွင် သမ္မတနာဆာ အငြိမ်းစားယူသောအခါ မာမွတ်အယ်ဂရွန်သမ္မတဖြစ်လာသည်။ ၂၀၀၅ခုနှစ်တွင် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရေးကို ပါလီမန်က တညီတညွတ်တည်း မဲပေးဆုံးဖြတ်လိုက်သည်။ ယခုနှစ်ကုန်တွင် ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပရန် ပြင်ဆင်လျက်ရှိသည်။

မော်လဒိုက်နိုင်ငံ၏ ပင်လယ်ကမ်းခြေ တစ်နေရာ။

(အင်တာနက်ဓာတ်ပုံ)

လေ့လာခွင့်ပြု

လက်ရှိသမ္မတ အယ်ဂရွန်မှာ ၁၉၇၈ခုနှစ်ကစပြီး သမ္မတတာဝန်ယူလာသူဖြစ်သည်။ အာရှတိုက်တွင်သက်တမ်းအရင့်ဆုံးခေါင်းဆောင်ဖြစ်သည်။ ၂၀၀၃ခုနှစ်တွင် နောက်ထပ် သမ္မတသက်တမ်း ငါးနှစ်အတွက် ခြောက်ကြိမ်မြောက် ရွေးချယ်တင်မြှောက်ခံရသူဖြစ်သည်။ ပင်လယ်ဘဝ၊ ပင်လယ်အလှတို့၏ မြောက်မြားစွာသော ကြွယ်ဝမှုတို့တွင် ကမ်းခြေသဲသောင်ပြင်တို့သည်လည်း မော်လဒိုက်နိုင်ငံပိုင်ဆိုင်ထားသည့် အရင်းအမြစ်ဖြစ်သည်။ အပူပိုင်းဒေသ သုခဘုံအဖြစ် ကမ္ဘာလှည့်ခရီးသည်တို့ သွားရောက် အပန်းဖြေအနားယူနိုင်သည့်နေရာဖြစ်သည်။ ခရီးသွားလုပ်ငန်းဈေးကွက်တွင် မော်လဒိုက်နိုင်ငံပိုင်ကျွန်းများက ထိပ်မှနေရာယူထားသည်။ သို့သော် လူသူမနေသည့်ကျွန်းငယ်များသို့ ခေတ္တခဏသာလျှင် သွားရောက်လည်ပတ် လေ့လာခွင့်ပြုသည်။

မြှင့်တင်နိုင်

မည်သို့ပင်ဖြစ်ဖြစ် ခရီးသွားလုပ်ငန်းမှာ မော်လဒိုက်နိုင်ငံအတွက် အရေးပါသည့် စီးပွားရေးလုပ်ငန်းဖြစ်သည်။ မော်လဒိုက်ပြည်သူများမှာ ကြွယ်ဝချမ်းသာသည့် ဘဝသို့မရောက်ကြသေးသည်မှာမှန်သော်လည်း အခြေခံအဆောက်အအုံများ တိုးတက်ခဲ့သည်။ ငါးဖမ်းလုပ်ငန်းအပါအဝင် လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာသည်။ ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် စာတတ်မြောက်ရေးတို့ကိုလည်း မြှင့်တင်နိုင်သည်။

စိုးရိမ်

၂၀၀၄ခုနှစ် ဒီဇင်ဘာလက အာရှဆူနာမီဒီလှိုင်းဒဏ်ကို အခြားသော အာရှပင်လယ်ကမ်းခြေနိုင်ငံများနည်းတူ မော်လဒိုက်နိုင်ငံသည်လည်း ကြုံတွေ့ခံစားခဲ့ရသည်။ နေအိမ်များ၊ အပန်းဖြေစခန်းများ ဆူနာမီဒီလှိုင်း ရိုက်ခတ်မှုကြောင့် ပြုတ်ပြုတ်ပြုန်း ပျက်စီးခဲ့ရသည်။ ဤအတွေ့အကြုံမျိုးထပ်မံကြုံတွေ့ရမည်ကို မော်လဒိုက်ပြည်သူများက စိုးရိမ်ပူပန်လျက်ရှိကြသည်။ ။ ***(ကိုးကား–အင်တာနက်)***

ဘဝဒဿနအမြင်

၁။ ***United we stand, divided we fall.***
ညွှန်းကွဲက ကျားဆွဲမည်။

အီစွပ်ပုံပြင်။

၂။ ***While there's life, there's hope.***
ဘဝရှိလျှင် မျှော်လင့်ချက်ရှိမည်ပင်။

စစ်စီရို
အီတလီစာရေးဆရာ။

နိုင်ငံတကာသတင်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

29-1 (07) 1 1/29/08, 2:03 AM

● ရှေ့ဖုံးမှ

ယင်းနောက် ဗိုလ်ချုပ်သာအေးက ပုလဲကျွန်းတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအား ဆီနှင့် စားသောက်ကုန်များကို ထောက်ပံ့ပေးအပ်ပြီး နိုင်ငံတော်ကချမှတ်ထားသော ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာကြကာ ဒေသဖွံ့ဖြိုးရေးအတွက် စေတနာထားဆောင်ရွက်ကြရေးမှာကြား၍ မုတ်ကောင်သားဖောက်ခန်းနှင့် ဝတ်ဆံသွင်းခန်းမတို့၌ မုတ်ကောင်များအတွင်းမှ ပုလဲထုတ်ယူသန့်စင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်သာအေးသည် ပုလဲကျွန်းရှိ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအားတွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားပြီး မိသားစုဝင်များအတွက် ဆီနှင့် စားသောက်ကုန်များကို ထောက်ပံ့ပေးအပ်ကာ စိုက်ပျိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပုလဲကျွန်းရှိ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြ၍ ကျောင်းသားကျောင်းသူများက ကွန်ပျူတာဖြင့် ကျောင်းသင်ခန်းစာများ လေ့လာဆည်းပူးနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကမ်းရိုးတန်းသွား အမြန်ရေယာဉ်ဖြင့် ထွက်ခွာကြပြီး ဘုတ်ပြင်းမြို့နယ် ဒိုမယ်ကျွန်းရှိ Myanmar Tasaki Co.,Ltd.၏ ပုလဲမွေးမြူရေးလုပ်ငန်းသို့ ရောက်ရှိကြပြီး ပုလဲများ၏ အရည်အသွေးများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီ၏ မုတ်ကောင်သားဖောက်ထုတ်လုပ်မှုများနှင့် ပင်လယ်ပြင် မုတ်ကောင်မွေးမြူရေးလုပ်ကွက်များကို စစ်ဆေးကြပြီး မွန်းလွဲပိုင်းတွင် ကျွန်းစုမြို့သို့ ရောက်ရှိကြကာ တနင်္သာရီရေတပ်စခန်းဌာနချုပ်၏ ဝက်မွေးမြူခြံနှင့် ဝက်မွေးမြူထားရှိမှု၊ ကျွန်းစုမြို့ ရေချိုရရှိရေးအတွက် ရေလှောင်တမံတည်ဆောက်မှုအခြေအနေ၊ ကျွန်းစုတပ်နယ်အတွင်း နှစ်ရှည်ပင်နှင့် သီးပင်စားပင်များ စိုက်ပျိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျွန်းစုမြို့နယ်ရှိ ကတန်ကျွန်း ကျွန်းပတ်လမ်း အရှည် ၄၄ မိုင် ၅ ဖာလုံဖောက်လုပ်ထားရှိမှုကိုလည်းကောင်း၊ လမ်းတစ်လျှောက် ကျေးရွာများ၏ အခြေအနေကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြပြီး ကျွန်းပတ်လမ်းပေါ်ရှိ စလွန်အော်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိကြရာ ဌာနမှူး ဗိုလ်မှူးချုပ်သူရသက်ဆွေက ကျေးရွာအခြေခံပညာမူလတန်းကျောင်းသို့ အဆောက်အအုံပြီးစီးရေး ပိုင်းဝန်းဆောင်ရွက်ပေးနေမှုအအခြေအနေနှင့် ဆက်လက်ဖောက်လုပ်ရမည့်ကျွန်းပတ်လမ်းကို ကျောက်ချောနှင့် ကတ္တရာခင်းကျင်းရေးလုပ်ငန်းများအခြေအနေကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှု

ယင်းနောက် ဗိုလ်ချုပ်သာအေးက လိုအပ်သည်များကို မှာကြားဆောင်ရွက်ပေးကာ မစန်းအော်ကျေးရွာအနီး စက်ယန္တရားများဖြင့် ကျောက်ချောလမ်းခင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် ကျွန်းစုမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ ရှေ့ဖုံးမှ

ရေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နံနက် ၆ နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် ၁၄ ရပ်ကွက် မေတ္တာလမ်း၌ အကျယ်လေးပေစီရှိ ရေတံခါးနှစ်ပေါက်ဖြင့် ရေတံခါးပေါက်ချဲ့ထွင် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လာမည့်မိုးကာလတွင် ရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် လုပ်ငန်းများကို စနစ်တကျတွက်ချက်၍ သပ်ရပ်စွာဆောင်ရွက်ရေး၊ ဒီရေအတက်အကျပေါ်မူတည်ပြီး အခြားဆက်စပ်ဌာနများနှင့် ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

အဆိုပါရေတံခါးပေါက်ကို မူလက သုံးပေခွဲအကျယ်ရှိ ရေတံခါးပေါက်တစ်ပေါက်မှ ယခုအကျယ်လေးပေစီရှိ ရေတံခါးပေါက်နှစ်ပေါက်အဖြစ် တိုးချဲ့ဆောင် ရွက်နေခြင်းဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး၏ ရာခိုင်နှုန်း ၉၀ ပြီးစီးနေပြီဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် အဖွဲ့ဝင်များ လိုက်ပါလျက် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏာ ၂၃ရပ်ကွက်၌ မြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် မိုးအခါရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ခေတ္တ ရေထိန်းသိမ်းထားနိုင်စေရန် စက်ယန္တရားကြီးများဖြင့် ခေတ္တရေထိန်းလှောင်ကန် တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် သုဝဏ္ဏာ ၂၉ ရပ်ကွက် ပေါ်ဆန်းမွှေးလမ်း၌ လေးပေပတ်လည်ရေတံခါးတစ်ပေါက် ထပ်မံတိုးချဲ့ဆောင်ရွက်နေမှုကို လည်းကောင်း၊ ပေါ်ဆန်းမွှေး လမ်းတစ်လျှောက်၌ အရှည်ပေ ၇၀၀၊ အကျယ်ခြောက်ပေ ငါးလက်မနှင့် အနက်ငါးပေရှိ ရေနုတ်မြောင်း တူးဖော်ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် လှော်ကားလမ်းသို့ ရောက်ရှိပြီး ပြည်ထောင်စုလမ်းမှ မောင်းမကန် ကမ်းသာလမ်းအထိ ကတ္တရာ လမ်းထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) လမ်းမကြီး တစ်လျှောက်၌ စက်ယန္တရားကြီးများဖြင့် ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လမ်းအရှည် ပေ ၂၄၀၀၀ အနက် ပေ ၇၃၀၀ အတွင်း အကျယ် ၂၄ ပေရှိ ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းပြီးစီးမှု၊ လမ်းအရှည်ပေ ၁၇၀၀၀အတွင်း အကျယ် ၁၂ ပေရှိ ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းပြီးစီးမှု၊ ကျန်ရှိနေသော လုပ်ငန်းများကို သတ်မှတ်အချိန်နှင့် တစ်ပြေးညီပြီးစီးရေးအတွက်ဆက်လက်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကျန်းမာရေးနှင့်ညီညွတ်သော လူမှုပတ်ဝန်းကျင်ဖြစ်လာစေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က မျက်ခြည်မပြတ်ကြပ်မတ် ဖြည့်ဆည်းဆောင်ရွက်ရေး၊ ခရီးသွားလာမှု ချောမွေ့စေရေးအတွက် လမ်းများ ကောင်းမွန်စေရန် မျက်ခြည်မပြတ် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်တင်လှူ ပူဇော်ရန်အတွက် အမှတ် ၁၆ သီတာလမ်း ပေါက်ကုန်း မင်္ဂလာဒုံမြို့နယ်နေ ဗိုလ်ကြီးသန်းထွန်း-ဇနီး ဒေါ်ခင်အေးနု၊ သမီး သန္တာထွန်း မိသားစုက အလှူငွေကျပ် ၄၅၀၀၀၀ တန်ဖိုးရှိသော ရွှေဆွဲကြိုးတစ်ကုံး လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးလှမင်း၊ ဦးစောကြိုင်နှင့် သီဟသုဓမ္မ မဏိဇောတဓရ ဦးစိုးသိမ်းတို့ လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

တာမွေ၌ ဝက်သက်ကာကွယ်ဆေးထိုးနှံ

ရန်ကုန် ဇန်နဝါရီ ၂၈

တာမွေမြို့နယ်တွင် အစုလိုက် ဝက်သက် ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းစီမံချက်ကို ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၈ ရက်က ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးခန်း၌ ငါးနှစ်အောက်ကလေးများအား ဝက်သက်ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည်။ **(ဓါတ်ပုံ)**

ကြီးကြပ်

အဆိုပါဆေးထိုးစုရပ်သို့ ဆရာဝန်ကြီး ဒေါက်တာဒေါ်မြသန်းနွယ်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒုတိယတိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်စန္ဒာနှင့် အဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာဇော်လင်းတို့ လာရောက် ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ထိုးနှံပေး

တာမွေမြို့နယ်အတွင်းရှိ အသက်ကိုးလမှ ငါးနှစ်အတွင်း ဝက်သက်ကာကွယ်ဆေး လုံးဝမထိုးနှံရသေးသော ကလေးများ၊ တစ်ကြိမ်သာ ထိုးရသေးသော ကလေးများအားလုံးကို ဆေးထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ (က-ပ)

သာသနာလင်္ကာရအကျော် စာတော်ပြန်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

ပခုက္ကူမြို့ သာသနစက္ကပဝတ္တက အသင်းကြီး၏ နဝမအကြိမ် သာသနစက္ကပဝတ္တကအသင်းကြီး၏ နဝမအကြိမ် သာသနာလင်္ကာရအကျော် စာတော်ပြန်ပွဲကြီး အာဂုံပြန်ဆိုပွဲကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ရေးဖြေကို ဖေဖော်ဝါရီ၁၆ ရက်၊ ၁၇ရက်၊၁၈ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ အဌမအကြိမ် စာအောင်ဆုဆက်ကပ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၁-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇:၀၀ - ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅	"လူမမာနဲ့တူစွာတို့သူငါ" တရားတော်(မြစိမ်းတောင် ဆရာတော် အရှင်ဇာနေယျ)
၈:၀၅ - ၂:၀၅	နည်းပညာသစ်ဆန်း MSP အစွမ်း
၈:၂၀ - ၂:၂၀	တေးဂီတအစီအစဉ်
၈:၂၅ - ၂:၂၅	Sunday Talk
၉:၂၀ - ၃:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀ - ၃:၃၀	Activities in the City
၉:၅၀ - ၃:၅၀	တေးဂီတအစီအစဉ်
၉:၅၅ - ၃:၅၅	၂၀၀၇ခုနှစ် တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲဂုဏ်ပြုဖျော်ဖြေပွဲ
၁၀:၂၀ - ၄:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၅ - ၄:၂၅	ပေါင်းစုလိုက်နဲ့ပျော်နှစ်(၅၀)ပြည့် ရွှေရတုပွဲတော်
၁၀:၄၀ - ၄:၄၀	မိုးလေဝသခန့်မှန်းချက်
၁၀:၄၅ - ၄:၄၅	Biz Net
၁၁:၀၀ - ၅:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅ - ၅:၀၅	ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ
၁၁:၁၅ - ၅:၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၅ - ၅:၂၅	အရည်အသွေးထူးခြား DAEWOO လျှပ်စစ်ပစ္စည်းများ
၁၁:၅၀ - ၅:၅၀	တေးဂီတအစီအစဉ်
၁၁:၅၅ - ၅:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၀၀ - ၆:၀၀	Miss Earth 2007 ရွေးချယ်ပွဲ(အပိုင်း-၁)
၁၂:၂၅ - ၆:၂၅	တေးဂီတအစီအစဉ်
၁၂:၃၀ - ၆:၃၀	၂၀၀၅ခုနှစ် တည်းဖြတ်ထူးချွန်ဆုရ အောင်သွင်နှင့် တွေ့ဆုံခြင်း
၁၂:၄၀ - ၆:၄၀	Music Gallery (ထာဝရဖြစ်စေ)
၁:၀၀ - ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Arsenal-Newcastle	ESPN(Live)

Africa Cup of Nations (2008) ဘောလုံးပွဲစဉ်များ

ညပိုင်း	အုပ်စုနောက်ဆုံးပွဲစဉ်	ပြသမည့်လိုင်း
၉:၃၀	Ivory Coast-Mali	Euro Sport (Live)
၉:၃၀	Nigeria-Benin	Euro Sport (Live)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ချင်းကိုစားသုံးပါက သွေးကြောပိတ်ရောဂါ မဖြစ်ပွားနိုင်

ချင်း(ဂျင်း)ကို အာရှနိုင်ငံအများအပြား၌ ထွက်ရှိသည်။ ဟင်းချက်ရာတွင် ထည့်သွင်းအသုံးပြုသကဲ့သို့ အခြားအစားအစာများ၌လည်း တွင်ကျယ်စွာ အသုံးပြုကြသည်။ ချင်းကို ဆောင်းနှင့် နွေရာသီတို့၌ ပေါများစွာ တွေ့ရှိရသည်။

ပါဝင်သောဓာတ်

ချင်းတွင် ပါဝင်သောဓာတ်များမှာ ပိုတက်စီယမ်၊ မင်းဂနိစ်၊ ကော့ပါး၊ ဗီတာမင်ဘီ-၆ နှင့် ကယ်လိုရီဓာတ်များ ပါဝင်သည်။ အများဆုံးပါဝင်သည့်ဓာတ်မှာ ပိုတက်စီယမ်နှင့် မင်းဂနိစ်တို့ဖြစ်သည်။

ကာကွယ်ပေးနိုင်

ချင်းကို ပုံမှန်စားသုံးပါက အရေပြားရောဂါများ မဖြစ်ပွားနိုင်သည့်အပြင် သွေးလည်ပတ်မှုအားကောင်းစေသည်။ ခန္ဓာကိုယ်တွင်း သွေးကြောပိတ်ရောဂါဖြစ်ပွားမှုကိုလည်း ကာကွယ်ပေးနိုင်သည်။

ထို့အပြင် အသက်အရွယ်ကြီးရင့်သူများအနေဖြင့် ချင်းကို ပုံမှန်စားသုံးပါက အရိုးအဆစ်ရောဂါများ မဖြစ်ပွားနိုင်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ခုနှစ် ပြာသိုလပြည့်ကျော် ၇ ရက် (အဖိတ်နေ့)

၂၉-၁-၂၀၀၈ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ကဗျာပန်းဥယျာဉ်
၈:၀၅	၆။	အဆိုပြိုင်ပွဲ
၈:၁၅	၇။	နှောင်းခေတ်တေးပဒေသာ
၈:၃၀	၈။	International News
၈:၄၅	၉။	Let's Go

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
၁၇:၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၁၅	၆။	ခံစားနားဆင် တေးဓာတ်ဝင်
၁၇:၂၅	၇။	ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀	၈။	ညနေခင်းသတင်း
၁၈:၃၀	၉။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၀။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈:၅၀	၁၁။	သုတစုံလင် ရွှေဉာဏ်ရှင်
၁၉:၁၅	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေ ချစ်သက်တည်** (အပိုင်း-၁၉)
၂၀:၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်စေတမန်** (အပိုင်း-၂၁)

မဇ္ဈိမဂုဏ်ရည်ဆရာတော် ဓမ္မခရီးစဉ်များ

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်မြို့ သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ အနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာန နာယက ဓမ္မကထိက ဗဟုဇနဟိတဓရ ကမ္မဋ္ဌာနာစရိယ မဟာစည် နယ်လှည့် ဓမ္မကထိက သာသနာတက္ကသီလဓမ္မာစရိယ၊ B.A, M.A, Ph.D (India) ဒေါက်တာဘဒ္ဒန္တ ကောဝိဒသည် ဖေဖော်ဝါရီ ၁၊ ၂၊ ၃ ရက်များတွင် သံဖြူဇရပ်မြို့ အထူးတရားပွဲ၊ ၄၊ ၅ ရက်တွင် ကျိုက်မရောမြို့ ဓမ္မသဘင်၊ ၆၊ ၇ ရက်များတွင် ဘီလူးကျွန်းမြို့ ဓမ္မသဘင်၊ ၈ ရက် ညနေ ၆ နာရီခွဲတွင် အင်းတကော်မြို့ ဦးသိန်းရွှေ–ဒေါ်ကြူကြူမာမိသားစု အထူးတရားပွဲ၊ ၉ ရက် ညနေ ၆ နာရီခွဲတွင် ပုဇွန်တောင်မြို့နယ် ရွှေကျင်ဆရာတော်ကြီးပူဇော်ပွဲ၊ ည ၈ နာရီတွင် ကျောက်မြောင်း သူဌေးလမ်း၊ ၁၀ ရက် ညနေ ၆ နာရီခွဲတွင် ၃၇ လမ်း အထူးတရားပွဲ၊ ည ၈ နာရီခွဲတွင် သာကေတမြို့နယ် ပိတောက်ရွှေဝါလမ်း အထူးတရားပွဲ၊ ၁၁ ရက် ညနေ ၅ နာရီခွဲတွင် သာကေတမြို့နယ် မြစေတီ အထူးတရားပွဲ၊ ည ၈ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် ဗုဒ္ဓဟူး ဆွမ်းလောင်းအသင်း ဆွမ်းအောင်ပွဲ၊ ၁၂ ရက် ညတွင် သုံးခွမြို့နယ် ဗုဒ္ဓလမ်းစဉ်အဖွဲ့ အထူးတရားပွဲ၊ ၁၃ ရက် ညနေ ၆ နာရီတွင် လှိုင်မြို့နယ် (၂)ရပ်ကွက် ဦးစလမ်း၊ ည ၈ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် ရတနာသိင်္ဂီဈေး၊ ၁၄ ရက်ည ၇ နာရီတွင် တောင်ဥက္ကလာပမြို့နယ်ကြီးဓမ္မာရုံ၊ ၈ နာရီခွဲတွင် ကျောက်မြောင်း ဓမ္မဝိဟာရလမ်း ဓမ္မသဘင်၊ ၁၅ ရက်တွင် နေပြည်တော် တပ်ကုန်း ဓမ္မသဘင်၊ ၁၆ရက်တွင် ရမည်းသင်းမြို့၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀ ရက် ညများတွင် မိတ္ထီလာမြို့ သာသနာ့ဗိမာန်တွင် ဟောကြားပြီး ၁၇၊ ၁၈ ရက် ညနေ ၆ နာရီတွင် မိတ္ထီလာမြို့ ကန်တောင်၊ ၁၉၊ ၂၀ ရက် ညနေ ၆ နာရီတွင် သပြေဝ အထူးတရားပွဲ၊ ၂၁ ရက်ညတွင် လှော်ပင်၊ ၂၂၊ ၂၃ ရက် ဝမ်းတွင်းမြို့နယ် ရွာရှည် အထူးတရားပွဲ၊ ၂၄ ရက်ညတွင် ဝမ်းတွင်းမြို့နယ် ရွှေတောင်၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉ ရက်များတွင် ဝမ်းတွင်းမြို့ မြတ်စောညီနောင်ဘုရား အထူးတရားပွဲများ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မဟာပဋ္ဌာန်းပူဇော်ပွဲနှင့် စာအောင်သံဃာဆုနှင်းပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူ မီးရထားရပ်ကွက် သိမ်ဖြူလမ်းရှိ ဒေဝသာဂရသိမ်ကုန်းကျောင်းတိုက် ဓမ္မိကာရုံပါဠိတက္ကသိုလ်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုန္ဒက ဦးစီးလျက် ရတနာရုံသီမြတ်စေတီ ဗုဒ္ဓပူဇနိယ ပူဇော်ပွဲ၊ ပျံလွန်တော်မူသွားကြသော ဆရာတော်ကြီးသုံးပါး ပူဇော်ပွဲ၊ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲနှင့် စာအောင်သံဃာ ဆုနှင်းသဘင်ကို ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၁ ရက်အထိ လည်းကောင်း၊ စာအောင်သံဃာ ဆုနှင်းသဘင်ကို ဖေဖော်ဝါရီ၂၁ ရက် (တပို့တွဲလပြည့်နေ့)တွင် လည်းကောင်း ကျင်းပမည်ဖြစ်ရာ တပည့်၊ ဒါယကာ၊ ဒါယိကာမအပေါင်း ဖုန်း–၃၈၅၀၇၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်များစီမံခန့်ခွဲမှုသင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၈

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အလုပ်အမှုဆောင်များ စီမံခန့်ခွဲမှုသင်တန်း(၁/၂၀၀၈)ဖွင့်ပွဲကို ဇန်နဝါရီ ၂၂ ရက် နံနက် ၁၀ နာရီက ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပဲခူးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးသိန်းက ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်ထံ အဖွဲ့ဝင် အဆိုပြုလွှာ အစောင် ၄၂၉၀ ပေးအပ်ပြီး**(အပေါ်ပုံ)** အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ပို့ချ

ယင်းသင်တန်းသို့ ပဲခူးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ကျေးရွာအုပ်စု အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြပြီး အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာ၊ အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ မိတ်ဖက်အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ မီးဘေးကာကွယ်ရေးနှင့် တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများကို သက်ဆိုင်ရာ သင်တန်းနည်းပြများက လာရောက်ပို့ချကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ–ကိုရီးယား ချစ်ကြည်ရေး ခြေစမ်းဘောလုံးပြိုင်ပွဲ အူလ်ဆန်တက္ကသိုလ်နှင့် အဆင့်မြင့်တန်းအသင်းများ ယှဉ်ပြိုင်မည်

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာ–ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေးအစီအစဉ်အရ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ စီစဉ်မှုဖြင့် ကိုရီးယားသမ္မတနိုင်ငံမှ အူလ်ဆန်တက္ကသိုလ်ဘောလုံးအသင်း (University of UL San FC)နှင့် အဆင့်မြင့်တန်းမှ စီးပွား/ကူးသန်းအသင်း၊ ကမ္ဘောဇအသင်းနှင့် ဘဏ္ဍာ/အခွန်အသင်းတို့၏ ခြေစမ်းဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၃၀ ရက်၊ ဖေဖော်ဝါရီ ၁ ရက်နှင့် ၃ ရက်တို့တွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

အဖွဲ့ဝင် ၂၇ ဦး

အဆင့်မြင့်တန်း အသင်းများနှင့် ချစ်ကြည်ရေး ခြေစမ်းဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားမည့် အူလ်ဆန်တက္ကသိုလ် ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်တစ်ဦး၊ နည်းပြချုပ်တစ်ဦး၊ လက်ထောက်နည်းပြ တစ်ဦး၊ အားကစားသမား ၂၄ ဦး စုစုပေါင်း အဖွဲ့ဝင် ၂၇ ဦး လိုက်ပါလာကြမည်ဖြစ်သည်။

အားကစားသမား ၂၄ ဦးအနက် ဂိုးသမားနှစ်ဦး၊ နောက်တန်းလူ လေးဦး၊ အလယ်တန်းလူ ကိုးဦး၊ ရှေ့တန်းလူ ကိုးဦး ပါဝင်ကြသည်။ အားကစားသမား အားလုံးသည် တက္ကသိုလ်ကျောင်းသားများ ဖြစ်ကြပြီး ပထမနှစ်မှ တတိယနှစ်အထိ ပါဝင်ကြသည်။ အူလ်ဆန်တက္ကသိုလ် ဘောလုံးအသင်းသည် ဇန်နဝါရီ ၂၉ ရက် (ယနေ့)ညပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိလာမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၄ ရက်တွင် ပြန်လည်ထွက်ခွာကြမည်ဖြစ်သည်။

တစ်ဂိုးစီသရေ

ကိုရီးယားသမ္မတနိုင်ငံမှအူလ်ဆန်တက္ကသိုလ် ဘောလုံးအသင်းသည် ၂၀၀၂ ခုနှစ်အတွင်းက မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီး ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ မြန်မာ(ယူ–၂၁) လက်ရွေးစင် ဘောလုံးအသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။

အူလ်ဆန်တက္ကသိုလ် ဘောလုံးအသင်းသည် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလအတွင်းက မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် ရောက်ရှိခဲ့ပြီး ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ အဆင့်မြင့်တန်းမှ အသင်းများနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရာအူလ်ဆန်တက္ကသိုလ်အသင်းနှင့် ဘဏ္ဍာ/အခွန်အသင်းတို့ ဂိုးမရှိ သရေကျပြီး အူလ်ဆန်တက္ကသိုလ်အသင်းက စီးပွား/ကူးသန်းအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အူလ်ဆန်တက္ကသိုလ် ဘောလုံးအသင်းသည် ကိုရီးယားတက္ကသိုလ်ကလပ်အသင်းများပြိုင်ပွဲတွင် အောင်မြင်မှုများရရှိနေသည့် ထိပ်သီး ဘောလုံးအသင်းဖြစ်သည်။ ကိုရီးယား ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာချောင်မွန်ဂျွန်းသည်အူလ်ဆန်တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့၏ ဥက္ကဋ္ဌတစ်ဦးအဖြစ် ၁၉၈၃ ခုနှစ်မှ လက်ရှိအချိန်အထိ တာဝန်ယူနေသူဖြစ်သည်။

စီးပွား/ကူးသန်းအသင်း

အူလ်ဆန်တက္ကသိုလ် အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည့် စီးပွား/ကူးသန်း ဘောလုံးအသင်းသည် အဆင့်မြင့်တန်း အမှတ်ပေး(မြန်မာလိဂ်) ဘောလုံးပြိုင်ပွဲတွင် ခြေစွမ်းပြလျက်ရှိသော အသင်းကြီး တစ်သင်းဖြစ်သည်။ စီးပွား/ကူးသန်းအသင်းသည် လေးပွဲကစား လေးပွဲနိုင် ၁၂ မှတ်ဖြင့် အမှတ်ပေးဇယား ဒုတိယနေရာ၌ ရပ်တည်လျက်ရှိသည်။

စီးပွား/ကူးသန်း အသင်းသည် လေးပွဲ ယှဉ်ပြိုင်ကစားခဲ့ရာတွင် သစ်တောရေးရာအသင်းကို လေးဂိုး–တစ်ဂိုး၊ ကာကွယ်ရေးအသင်းကို လေးဂိုး–ဂိုးမရှိ၊ စွမ်းအင်အသင်းကို သုံးဂိုး–နှစ်ဂိုး၊ ပို့ဆောင်ရေးအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။ စီးပွား/ကူးသန်းအသင်းသည် လေးပွဲကစား ၁၄ ဂိုး သွင်းယူထားရာ ငါးပွဲကစားထားသည့် ဘဏ္ဍာ/အခွန်အသင်း ထက်ပင် သွင်းဂိုးပိုများပြီး ဂိုးသွင်းအများဆုံးအသင်းအဖြစ် ရပ်တည်လျက်ရှိသည်။

စီးပွား/ကူးသန်းအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးနီပေါ၊ အုပ်ချုပ်သူအဖြစ် ဦးမြင့်သိန်း၊ နည်းပြချုပ်အဖြစ် ဦးဉာဏ်ဝင်း၊ လက်ထောက် နည်းပြများအဖြစ် ဦးအောင်နိုင်နှင့် ဦးစိုးမိုးတို့က တာဝန်ယူ ဆောင်ရွက်ကြသည်။

အားကစားသမားများ အဖြစ် တင်ယု **(ဂိုး)**၊ ဇော်မိုးထက်**(ဂိုး)**၊ သီဟစည်သူ**(ဂိုး)**၊ မင်းသူ၊ ဇော်လင်းထွန်း၊ မိုးဝင်း၊ မျိုးဇော်ထွန်း၊ ချမ်းချမ်း၊ ကျော်ကျော်ထွန်း၊ မန်းကျော်ထူး၊ ဇော်ခါ၊ ဇော်ဇော်အောင်၊ ကျော်ဇေယျ၊ အောင်မျိုးသန့်၊ တင်မင်းထွန်း၊ ရာဇာဝင်းသိန်း၊ မျိုးမင်းထွန်း၊ ဝင်းသိန်းဦး၊ မင်းကိုကို၊ ဘိုဘိုအောင်၊ ကျော်ဇင်ဝင်း၊ ဟိန်းဇာထွန်း၊စထက်နိုင်ဝင်း၊ မျိုးလှိုင်ဦး၊ ဘီဂျိမ်းဒွေး၊ မျိုးထွန်း၊ သိန်းဦး၊ အောင်ရဲထွဋ်၊စိုးပိုင်ဖြိုး**(ဂိုး)**၊ကျော်ဝင်းနိုင်၊ ကြည်ချစ်ကျော်တို့ ပါဝင်ကြသည်။

ကမ္ဘောဇအသင်း

အူလ်ဆန်တက္ကသိုလ်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည့် ကမ္ဘောဇ ဘောလုံးအသင်းသည် အဆင့်မြင့်တန်း အမှတ်ပေး(မြန်မာလိဂ်) ဘောလုံးပြိုင်ပွဲ၌ ငါးပွဲကစား သုံးပွဲနိုင် နှစ်ပွဲသရေ ၁၁ မှတ်ဖြင့် အမှတ်ပေးဇယား တတိယနေရာ၌ ရပ်တည်လျက်ရှိသည်။ ကမ္ဘောဇအသင်းသည် ငါးပွဲယှဉ်ပြိုင်ကစားခဲ့ရာတွင် Eleven အသင်းကို သုံးဂိုး–ဂိုးမရှိ၊ လယ်ယာ/ဆည်မြောင်းကို သုံးဂိုး–ဂိုးမရှိ၊ မြန်မာ့မီးရထားကို နှစ်ဂိုး–တစ်ဂိုးဖြင့်အနိုင်ရရှိပြီး ဆောက်လုပ်ရေးနှင့် ဂိုးမရှိ သရေ၊ ပြည်ထဲရေးနှင့် နှစ်ဂိုးစီ သရေကျခဲ့သည်။

ကမ္ဘောဇ ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးဇော်ဝင်းနိုင်၊ အုပ်ချုပ်သူအဖြစ် ဦးမိုးဆန်းအောင်၊ နည်းပြချုပ်အဖြစ် ဦးသန်းထိုက်၊ လက်ထောက် နည်းပြများအဖြစ် ဦးဟန်ထွန်းနှင့် ဦးသိန်းထွန်းသိန်းတို့က တာဝန်ယူ ဆောင်ရွက်ကြသည်။

အားကစားသမားအဖြစ် ရဝေဇင်**(ဂိုး)**၊ ဟန်ဝင်းအောင်၊ အောင်ကျော်ဦး၊ အေးဆန်း၊ ဉာဏလွင်၊ အောင်သန်းဝင်း၊ နေဝင်း၊ နေဇော်ထက်၊ ရဲမောင်မောင်၊ ရာဇာစိုး၊ ကျော်သီဟ၊ ကျော်စွာဝင်း၊ အောင်သိုက်၊ နိုင်ဇင်၊ ခွန်မျိုးဝင်း၊ ထွန်းမင်းဦး၊ အောင်မျိုး၊ ထွန်းထွန်းနောင်၊ မျိုးလွင်ဦး**(ဂိုး)**၊ စိုင်းကျော်သူရအောင်၊ ဌေးလှိုင်ထွန်း၊ မင်းသူအောင်၊ လင်းဇော်ထိုက်၊ ထွန်းထွန်းနိုင်တို့ ပါဝင်ကြသည်။

ဘဏ္ဍာ/အခွန်အသင်း

အူလ်ဆန်တက္ကသိုလ် အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည့် ဘဏ္ဍာ/အခွန်ဘောလုံးအသင်းသည် အဆင့်မြင့်တန်း အမှတ်ပေး(မြန်မာလိဂ်) ဘောလုံးပြိုင်ပွဲတွင် ငါးပွဲကစား လေးပွဲနိုင်၊ တစ်ပွဲသရေ ၁၃ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှဦးဆောင်လျက်ရှိသည်။ ဘဏ္ဍာ/အခွန်အသင်းသည် ငါးပွဲယှဉ်ပြိုင်ကစားခဲ့ရာတွင် တပ်မတော်(ကြည်း)ကို နှစ်ဂိုး–တစ်ဂိုး၊ Eleven အသင်းကို သုံးဂိုး–ဂိုးမရှိ၊ သစ်တောရေးရာကို နှစ်ဂိုး–ဂိုးမရှိ၊ ဆောက်လုပ်ရေးကို ငါးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး လယ်ယာ/ဆည်မြောင်းနှင့် တစ်ဂိုးစီ သရေကျခဲ့သည်။

အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးသန့်ဇင်ဝင်း၊ နည်းပြချုပ်အဖြစ် ဦးရဲထွဋ်လေး၊ လက်ထောက် နည်းပြများအဖြစ် ဦးတင်မောင်သိန်း**(ဂိုး)**နှင့် ဦးစိုးနိုင်တို့က တာဝန်ယူဆောင်ရွက်ကြသည်။

အားကစားသမားများအဖြစ် အောင်အောင်ဦး**(ဂိုး)**၊ ဟိန်းဇေယျာကျော်**(ဂိုး)**၊ဇော်မျိုးလတ်**(ဂိုး)**၊အောင်ရဲသွေး၊ အောင်ထွန်းလင်း၊ သူရအောင်၊ ထူးကျော်၊ ဇင်မင်းဦး၊ စိုးလင်းထွန်း၊ လွင်ဦး၊ အောင်ဟိန်းလတ်(ခ)ခင်မောင်ထွန်း၊ ရန်ပိုင်၊ စိုးမြတ်မင်း၊ အောင်ကျော်မိုး၊ ကျော်သူရ၊ ဇော်ထိုက်၊ ပိုင်စိုး၊ ထွန်းထွန်းဝင်း၊ ကျော်ကျော်စိုး၊ သိန်းထွန်းဝင်း၊ ကျော်ကျော်ခိုင်၊ မြင့်နိုင်၊ အောင်ကျော်မြင့်၊ အောင်ဘိုဘိုဝင်း၊ မိုးကျော်သူ၊ မင်းမင်းအောင်၊ သန်းနိုင်၊ မောင်မောင်အောင်၊ သိန်းစိုးမင်းတို့ ပါဝင်ကြသည်။

သတင်းဆောင်းပါး – ကိုထွေး

ယှဉ်ပြိုင်ကစားမည်

အူလ်ဆန်တက္ကသိုလ် ဘောလုံးအသင်းသည် ချစ်ကြည်ရေး ခြေစမ်းဘောလုံးပြိုင်ပွဲ သုံးပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ရာ ဇန်နဝါရီ ၃၀ ရက်တွင် စီးပွား/ကူးသန်းအသင်းနှင့် လည်းကောင်း၊ ဖေဖော်ဝါရီ ၁ ရက်တွင် ကမ္ဘောဇအသင်းနှင့် လည်းကောင်း၊ ဖေဖော်ဝါရီ ၃ ရက်တွင် ဘဏ္ဍာ/အခွန်အသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အူလ်ဆန်တက္ကသိုလ် ဘောလုံးအသင်းသည် တက္ကသိုလ် ဘောလုံးအသင်း တစ်သင်းဖြစ်သော်လည်း ကိုရီးယားသမ္မတနိုင်ငံ၏ ဘောလုံးအဆင့်အတန်းမြင့်မားမှု အနေအထားအရ အဆင့်မြင့်တန်းအသင်းများနှင့် ခြေရည်တူကစားနိုင်သည့် ခြေစွမ်းမျိုးပိုင်ဆိုင်ထားသည်။ အဆင့်မြင့်တန်းအသင်းများဖြစ်ကြသည့် စီးပွား/ကူးသန်း၊ ကမ္ဘောဇနှင့်ဘဏ္ဍာ/အခွန်အသင်းတို့တွင်လည်း မြန်မာ့လက်ရွေးစင်များနှင့် လူငယ်လက်ရွေးစင်များ ပါဝင်ကြမည်ဖြစ်၍ ခြေစွမ်းအားဖြင့် အဆင့်မြင့်မြင့် ကစားနိုင်ကြမည် ဖြစ်သည်။

သတင်းကောင်းပါး

မြန်မာ–ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေးအစီအစဉ်အရ ကျင်းပမည့် အူလ်ဆန်တက္ကသိုလ် ဘောလုံးအသင်းနှင့် အဆင့်မြင့်တန်းအသင်းများ၏ ခြေစမ်းဘောလုံးပြိုင်ပွဲသည် အဆင့်မြင့်တန်း အသင်းများအတွက် အတွေ့အကြုံကောင်းများ ရရှိနိုင်မည်ဖြစ်သကဲ့သို့ မြန်မာ့ဘောလုံးဝါသနာအိုးများအတွက်လည်း နိုင်ငံတကာပွဲကြည့်ရှုလိုသည့် အာလယကိုဖြည့်စွမ်းပေးနိုင်မည်ဖြစ်ကြောင်း ကြိုတင်သတင်းကောင်းပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

၂၀၀၂ ခုနှစ်က ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ မြန်မာ(ယူ–၂၁)အသင်းနှင့် အူလ်ဆန်တက္ကသိုလ်အသင်းတို့ ချစ်ကြည်ရေးခြေစမ်းဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာ(ယူ–၂၁)အသင်းက ဦးဆောင်ဂိုးသွင်းယူပြီးနောက် ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးကဏ္ဍ (၂)

ပါမောက္ခ ဒေါက်တာပိုင်စိုး

ခေတ်မီသော ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် ကျန်းမာရေးဆိုင်ရာ ပစ္စည်းအင်အား၊ လူအင်အား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ လတ်တလောဖြစ်ပေါ်နေသော ရောဂါများအား ကာကွယ်ကုသရေး လုပ်ငန်းများကိုလည်း နိုင်ငံတော်ကလျစ်လျူရှုမထားဘဲ အလေးထားဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ

ရောဂါမဖြစ်မီ ကြိုတင်ကာကွယ်ခြင်းသည် ရောဂါဖြစ်ပွားမှ ကုသခြင်းထက် ပိုမိုကောင်းမွန်သည်ဟူသည့် စကားနှင့်အညီ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို အဓိကထား ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအတွက် ငှက်ဖျားရောဂါသည် ကျန်းမာရေးပြဿနာ တစ်ရပ်အဖြစ် ရှိနေပါသေးသည်။ ငှက်ဖျားရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းတွင် ကျန်းမာရေးပညာပေးခြင်း၊ ဆေးစိမ်ခြင်ထောင်သုံးစွဲခြင်းဖြင့် တစ်ကိုယ်ရေ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ခြင်နှိမ်နင်းခြင်းဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရောဂါ စောစီးစွာ ရှာဖွေပြီး ထိရောက်စွာ ကုသမှုပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း၊ ကပ်ရောဂါအသွင် ဖြစ်ပွားမှုကို တားဆီးကာကွယ်ခြင်း၊ ဆက်စပ်ဌာနများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။

ဤသို့ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် **ငှက်ဖျားရောဂါဖြစ်ပွားသေဆုံးမှုမှာ ၁၉၉၀ ပြည့်နှစ်မှစတင်၍ ကျဆင်းလာကြောင်း တွေ့ရပါသည်။ ငှက်ဖျားရောဂါဖြစ်ပွားမှုမှာ ၁၉၈၈ ခုနှစ်က လူဦးရေတစ်သိန်းတွင် ၂၄၀၀ ရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် ၉၀၀ အထိ ကျဆင်းလာပါသည်။ ငှက်ဖျားရောဂါကြောင့် သေဆုံးမှုမှာလည်း ၁၉၈၈ ခုနှစ်က လူဦးရေ တစ်သိန်းတွင် ၁၀ ဦးရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် သုံးဦးအထိ ကျဆင်းခဲ့ပါသည်။**

ငှက်ဖျားရောဂါကာကွယ်ရေး လုပ်ငန်းတစ်ရပ်ဖြစ်သော ဆေးစိမ်ခြင်ထောင် ဖြန့်ဝေခြင်းလုပ်ငန်းကို ၁၉၈၈ ခုနှစ်မတိုင်မီက မဆောင်ရွက်နိုင်ခဲ့သော်လည်း ၂၀၀၀ ပြည့်နှစ်မှစ၍ ငှက်ဖျားကြောင့် သေဆုံးမှုအများဆုံးဖြစ်သော ကယားပြည်နယ်အပါအဝင် ငှက်ဖျားထူထပ်သော ဝေးလံခက်ခဲသည့် ဒေသများသို့ နှစ်စဉ် တာရှည်ခံ ပိုးသတ်ဆေးစိမ်ခြင်ထောင်အလုံး ၅၀၀၀၀ ခန့် ဖြန့်ဝေနိုင်ခဲ့ပါသည်။ ၎င်းပြင် ငှက်ဖျားဒေသမှ ကျေးရွာများရှိ မိသားစုများ အသုံးပြုလျက်ရှိသော ရိုးရိုးခြင်ထောင်အလုံး သုံးသိန်းမှ လေးသိန်းအထိ ပိုးသတ်ဆေးစိမ်ခြင်း လုပ်ငန်းကိုလည်း နှစ်စဉ် ဆောင်ရွက်ပေးလျက် ရှိပါသည်။

၁၉၈၈ ခုနှစ်မတိုင်မီက မြို့နယ်ဆေးရုံများတွင်သာ အဏုကြည့်မှန်ဘီလူးဖြင့် ငှက်ဖျားသွေးစစ်ခြင်း လုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်မှစ၍ အဏုကြည့်မှန်ဘီလူးဖြင့် ငှက်ဖျားသွေးစစ်ခြင်း လုပ်ငန်းကို ကျေးလက်ကျန်းမာရေးဌာနပေါင်း ၇၀၀ ခန့်၌ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၀၆ ခုနှစ်တွင် ကုထုံးသစ်အရ အသုံးပြုမည့် အလျင်အမြန် သွေးဖောက်စစ်ဆေးနိုင်သည့်ကိရိယာ (Rapid Diagnostic Test)များနှင့် Artemisinin အခြေပြုသော ကုထုံးသစ် (Artemisinin based Combination Tharapy) (ACT) ကို ကျေးလက်ကျန်းမာရေးဌာနခွဲအားလုံးအထိ ဖြန့်ဝေသုံးစွဲနိုင်ခဲ့ပါသည်။



ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်းနှင့် သေဆုံးနှုန်း(၁၉၈၈-၂၀၀၆)

တီဘီရောဂါသည် မြန်မာနိုင်ငံ၏ ဦးစားပေး ကျန်းမာရေးပြဿနာ တစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် တီဘီဝေဒနာရှင်ပေါင်း တစ်သိန်းနှစ်သောင်းကျော်ခန့်ရှိပြီး ၎င်းတို့ထက်ဝက်ခန့်မှာ ကူးစက်နိုင်သော သလိပ်ပိုးတွေ့ လူနာများဖြစ်သည်ဟု ခန့်မှန်းရပါသည်။ မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှစပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထောက်ခံထားသည့် **"တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကု"** နည်းဗျူဟာ အကောင်အထည်ဖော်နိုင်မှုကို တဖြည်းဖြည်း တိုးချဲ့လာခဲ့ရာ ၂၀၀၃ ခု နှစ်ကုန်ပိုင်းတွင် မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ် ၃၂၅ မြို့နယ်ကို လွှမ်းခြုံနိုင်ခဲ့ပါသည်။

တီဘီရောဂါတိုက်ဖျက်ရေးအတွက် အမျိုးသားမဟာဗျူဟာ ငါးနှစ်စီမံကိန်း (၂၀၀၆-၂၀၁၀) "Five years national strategic plan 2006-2010" ကို ရေးဆွဲနိုင်ခဲ့ပါသည်။ ၎င်းငါးနှစ်စီမံကိန်းအား ကမ္ဘာ့တီဘီရောဂါ ရပ်တန့်ရေး မဟာဗျူဟာအသစ် (New stop TB Strategy)နှင့် အပြည်ပြည်ဆိုင်ရာ အဆင့်မီ တီဘီရောဂါပြုစုစောင့်ရှောက်မှု (International Standard for TB Care) တို့နှင့် လိုက်လျောညီထွေစွာ ရေးဆွဲထားခြင်း ဖြစ်ပါသည်။ ၁၉၉၄ ခုနှစ်တွင် သလိပ်ပိုးတွေ့ လူနာသစ်ရှာဖွေတွေ့ရှိမှုနှုန်း (Care detection rate) ၃၂ ရာခိုင်နှုန်းနှင့်ကုသအောင်မြင်နှုန်း ၇၈ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် သလိပ်ပိုးတွေ့လူနာသစ် ရှာဖွေတွေ့ရှိမှုနှုန်း ၈၆ ရာခိုင်နှုန်းနှင့် အောင်မြင်နှုန်း ၈၅ ရာခိုင်နှုန်းသို့ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

Indicators	1994	1999	2000	2001	2002	2003	2004	2005
DOTS Covered Population (%)	8	65	85	90	95	95	95	95
DOTS Covered Township (%)	6	52	71	80	95	100	100	100
Case Detection Rate (%)	32	43	56	61	70	73	81	95
Cure Rate (%)	61	74	70	73	74	72	75	75.2
Treatment Success Rate (%)	78	82	81	82	82	81	84	84

တီဘီရောဂါ DOTS နည်းဗျူဟာ အကောင်အထည်ဖော်နိုင်မှု

ခုခံအား ကျဆင်းမှု ကူးစက်ရောဂါ (အေအိုင်ဒီအက်စ်) တိုက်ဖျက်ရေး စီမံချက်သည် အိပ်ချ်အိုင်ဗွီ ရောဂါပိုးကူးစက် ပြန့်ပွားမှု/အိပ်ချ်အိုင်ဗွီ ရောဂါပိုးကြောင့် စီးပွားရေး၊ လူမှုရေး ဆိုးကျိုး သက်ရောက်မှုများ၊ နာမကျန်းမှု၊ သေဆုံးမှုများ လျော့ကျ စေရေးအတွက် ရည်ရွယ်ပါသည်။ အဆိုပါ ရည်မှန်းချက်များ ပြည့်မီစေရန်အတွက် ပြည်နယ်နှင့် တိုင်းများ၏ အရေးပါသော နေရာအသီးသီးရှိ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးအဖွဲ့များနှင့် အခြေခံကျန်းမာရေး ဝန်ထမ်းများသည် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တိုက်ဖျက်ကုသရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အောက်ပါ အဓိကလုပ်ငန်းစဉ်ကြီး (၁၀)ရပ်ကို အကောင်အထည်ဖော်လျက်ရှိပါသည်-

- **(က) အသိပေးဆွေးနွေးခြင်း။**
- **(ခ) ရောဂါ ကာကွယ်တားဆီးရေး အသိပညာများပေးခြင်း။**
- **(ဂ) လိင်မှတစ်ဆင့် အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှု လျော့နည်းကျဆင်းစေရန် ဆောင်ရွက်ခြင်း။**
- **(ဃ) မူးယစ်ဆေးသုံးစွဲသူများတွင် အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှု ကျဆင်းလာစေရန် ဆောင်ရွက်ခြင်း။**
- **(င) မိခင်နှင့် ကလေးသို့ အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှု ကျဆင်းလာစေရန် ဆောင်ရွက်ခြင်း။**
- **(စ) အိပ်ချ်အိုင်ဗွီ ကင်းစင်သော သွေးရရှိစေရန် ဆောင်ရွက်ခြင်း။**
- **(ဆ) ဝေဒနာရှင်များအား ပြုစုကုသမှု ပေးခြင်း။**
- **(ဇ) ဌာနပေါင်းစုံ ပါဝင်ပူးပေါင်း လာစေရန် ဆောင်ရွက်ခြင်း။**
- **(ဈ) အထူး စီမံချက်များ ဆောင်ရွက်ခြင်းနှင့်**
- **(ည) လုပ်ငန်းများ ပြန်လည်သုံးသပ် ဆန်းစစ်ခြင်း**

တို့ ဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂ အေအိုင်ဒီအက်စ် (UNAIDS)အဖွဲ့တို့နှင့် နောက်ဆုံးပေါ် တွက်ချက်မှုနည်းလမ်းများကို အသုံးပြုပြီး ၂၀၀၇ ခုနှစ် ဩဂုတ်လတွင် ပြုလုပ်ခဲ့သော မြန်မာနိုင်ငံတွင် အိပ်ချ်အိုင်ဗွီ ရောဂါပိုး ကူးစက်ခံထားရသူ ဦးရေ ခန့်မှန်းတွက်ချက်မှုအရ မြန်မာနိုင်ငံတွင် အရွယ်ရောက်ပြီးသူများတွင် အိပ်ချ်အိုင်ဗွီပိုး ဖြစ်ပွားနှုန်းမှာ ၂၀၀၀ ပြည့်နှစ်တွင် ၀ ဒသမ ၉၅ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် ၀ ဒသမ ၆၇ ရာခိုင်နှုန်းသို့ လျော့ကျလာကြောင်း သိရှိရပါသည်။ လက်ရှိ ၂၀၀၇ ခုနှစ်တွင် အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံထားရသူနှင့် အေအိုင်ဒီအက်စ် ဖြစ်ပွားနေသူပေါင်း ၂၄၀၀၀၀ ခန့်ရှိပြီး ၎င်းတို့အနက် ၁၄၀၀၀ ခန့်မှာ ရောဂါပိုး(အသစ်) ကူးစက်ခံရသူများဖြစ်ပါသည်။

နိုင်ငံတော် အဆင့် ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ လှုပ်ရှားမှုပြပွဲကြီး နှစ်ခုကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ၂၀၀၃ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်များ၌ ပြုလုပ်နိုင်ခဲ့ပါသည်။ ၂၀၀၄ ခုနှစ်မှစ၍ အိပ်ချ်အိုင်ဗွီပိုး ကင်းစင်သည့် သွေးရရှိရေး လုပ်ငန်းကို တစ်နိုင်ငံလုံး လွှမ်းခြုံမှုရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဆေးရုံများတွင် ယခုအခါ နှစ်စဉ် သွေးပုလင်းပေါင်း ၂၀၀၀၀၀ ခန့်ကို အသုံးမပြုမီ အိပ်ချ်အိုင်ဗွီပိုး စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ Access for Ace□မှုအရ ရောဂါကူးစက် ခံထားရသည့် ဝေဒနာရှင်များနှင့် ၎င်းတို့ မိသားစုဝင်များအား နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ အေအာတီဆေးဝါး တိုက်ကျွေးခြင်းနှင့် အိမ်တွင်း ပြုစုစောင့်ရှောက်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၀၆ ခုနှစ်တွင် အေအိုင်ဒီအက်စ် လူနာစုစုပေါင်း ၆၅၀၀ သည် အိပ်ချ်အိုင်ဗွီ ရောဂါပိုး ထိန်းချုပ်သော ဆေးဝါးတိုက်ကျွေးသည့် ကုထုံးရရှိခဲ့ကြပါသည်။ အိမ်တွင်း စနစ်တကျ ပြုစုစောင့်ရှောက်မှုပေးရန် အေအိုင်ဒီအက်စ်၊ တီဘီနှင့် အခြားနာတာရှည် ရောဂါသည်များအတွက် ပြည်သူလူထု အခြေပြုရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန၊ အခြားနီးနွယ်သော ဝန်ကြီးဌာနများနှင့် ပြည်တွင်း ပြည်ပ လူမှုရေး အသင်းအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်နေပါသည်။ လူထုလှုပ်ရှားမှု အသွင်ဖြင့် ပြည်တွင်းလူမှုရေး အသင်းအဖွဲ့များဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ သူနာပြုအသင်းနှင့် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းတို့ ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အနာကြီး ရောဂါသည် မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်း များစွာကပင် ရှိခဲ့သော ကူးစက်ရောဂါတစ်ခုဖြစ်ပါသည်။ ယင်းရောဂါ၏ နောက်ဆက်တွဲပြဿနာတစ်ခုဖြစ်သော ကိုယ်အင်္ဂါပျက်စီးမှုနှင့် ချို့ယွင်းမှုများသည် ရောဂါဖြစ်သူနှင့် မိသားစုအား အကြီးမားဆုံး လူမှုရေးနှင့် စီးပွားရေး ပြဿနာများကို ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် အနာကြီး ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ယခုအခါ ဆေးပေါင်းတိုက်ကျွေးမှု စနစ်ဖြင့် ကုသပေးလျက်ရှိသဖြင့် ရောဂါကင်းသူများ နှစ်စဉ် တိုးတက်များပြားလာခဲ့ပါသည်။ **အနာကြီးရောဂါ ဖြစ်ပွားမှုမှာ ၁၉၈၇ ခုနှစ်၌ လူဦးရေ ၁၀၀၀၀ လျှင် ၅၄ ဒသမ ၄ ဦး ရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်တွင် ၁ ဒသမ ၄၀ ဦး၊ ၂၀၀၅ ခုနှစ်တွင် ၀ ဒသမ ၄၈ ဦး၊ ၂၀၀၆ ခုနှစ်တွင် ၀ ဒသမ ၄၇ ဦးသို့ လျော့နည်းသွားပြီဖြစ်၍ အနာကြီးရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ်မှ ဖယ်ရှား**



ကိုယ်ဝန်ဆောင်မိခင်များတွင် ခုခံအားကျ ကူးစက်ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းလာခြင်း

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

29-1 (10) 1 1/29/08, 2:03 AM

သတင်းစာပညာနှင့် ဘာသာရပ်အသီးသီး ဆက်နွှယ်မှုရှိ

ကမ္ဘာ့နိုင်ငံတွေရဲ့ တိုးတက်နေတဲ့ အကြောင်းတွေကို မျက်ခြည်မပြတ် လေ့လာသင့် စီးပွားရေးနဲ့ ငွေကြေးအဖွဲ့အစည်းများ စသည်တို့ကို နှံ့နှံ့စပ်စပ် သိထားရမည်

တွေ့ဆုံမေးမြန်းသူ - အင်ကြင်းခိုင်(ရန်ကုန်တက္ကသိုလ်) **စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း**

ရန်ကုန် ဇန်နဝါရီ ၂၈

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှကြီးမှူးဖွင့်လှစ်ခဲ့သော သတင်းစာပညာသင်တန်းကို ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ သင်တန်းသား သင်တန်းသူ ၃၀၊ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား သင်တန်းသူ ၁၈ ဦး၊ မြဝတီရုပ်မြင်သံကြားမှ သင်တန်းသူနှစ်ဦး အပါအဝင် စုစုပေါင်း သင်တန်းသား သင်တန်းသူ ၅၀ တို့ဖြင့် ၂၀၀၇ ခုနှစ် စက်တင်ဘာ ၁၇ ရက်မှ နိုဝင်ဘာ ၂၈ ရက်အထိ တက်ရောက်ခဲ့ကြပြီး ဖြစ်သည်။

မကြာမီက စတင်ဖွင့်လှစ်ခဲ့သော သတင်းအတတ်ပညာဘွဲ့ B.A (Journalism) အတွက် သင်ကြားပို့ချမယ့် ပညာရေးဝန်ကြီးဌာနမှ ကထိက၊ လက်ထောက်ကထိက၊ နည်းပြနှင့်ဆရာ ဆရာမများပါဝင်လာသောကြောင့် ယင်းသင်တန်းသည် ပိုမိုသွက်လက် ထက်မြက်လာကြောင်း တွေ့ရသည်။

သတင်းစာပညာဟူသည် ပြည်တွင်းပြည်ပ သတင်းများကို အများအားဖြင့် ပုံနှိပ်ထုတ်ဝေသော စာစောင်ပြုစုထုတ်ဝေခြင်းအတတ်ဟု အဓိပ္ပာယ်ရပါသည်။ သတင်းစာဆရာတစ်ဦးသည် အကြောင်းအရာအားလုံးကို အနည်းငယ်စီသိရပြီး အကြောင်းအရာအချို့ကိုမူ အလုံးစုံသိထားရမည်ဆိုသည့် ဆိုရိုးရှိပါတယ်။ အကြောင်းအရာအားလုံးဆိုသည်မှာ ပြည်တွင်း ပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အားလုံးပါဝင်ကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်၍ သတင်းစာပညာသင်တန်းနှင့် ဘာသာရပ်အသီးသီး၏ ဆက်နွှယ်မှု(၁)ကို ဘာသာရပ်ဆိုင်ရာ သင်တန်းသူများနဲ့ တွေ့ဆုံမေးမြန်းမှုများကို အောက်ပါအတိုင်း ဖော်ပြလိုက်ရပါသည်-

ဒေါ်ခင်နှင်းရီ လက်ထောက်ကထိက မြန်မာစာဌာန ရန်ကုန်တက္ကသိုလ်

မေး- သတင်းစာပညာဟာ တခြားဘာသာရပ်တွေနဲ့ ဆက်စပ်မှုရှိနေတယ်လို့ ထင်ပါသလား။

ဖြေ- **ဆက်စပ်နေတယ်လို့ ထင်ပါတယ်။ ဘာကြောင့်လဲ ဆိုရင် ဂျာနယ်လစ် တစ်ယောက်ဟာ မြန်မာစာနဲ့ အင်္ဂလိပ်စာကျွမ်းကျင်ရမယ့်အပြင် နိုင်ငံတွေရဲ့ သမိုင်းကြောင်း၊ ပထဝီဝင်အခြေအနေ၊ ဥပဒေဆိုင်ရာ အချက်အလက်များ၊ နိုင်ငံတကာဆက်ဆံရေးအခြေအနေ၊ ကမ္ဘာနှင့်မြန်မာ စီးပွားရေး စသည့် ဘာသာရပ်များအားလုံးကို သိရှိနားလည်ထားရပါတယ်။ သတင်းစာပညာဟာ ဒီဘာသာရပ်တွေ အားလုံးနဲ့ အံ့သြဖွယ် ဆက်စပ်နေပါတယ်။**

မေး- သတင်းရေးရာတွင် မြန်မာစာကို ဘယ်လိုပုံစံမျိုးနဲ့ ရေးမလဲ။

ဖြေ- **သတင်းရေးရာတွင် ရိုးရိုး မြန်မာစာကိုသုံး၍ အရေးအသား ရှင်းလင်းပြတ်သားစေရန် ကြိုးစားရပါမယ်။ တိကျမှန်ကန်စေရပါမယ်။ သတင်းစာဖတ်သူအား ပဟေဠိပုစ္ဆာထုတ်သကဲ့သို့ မဖြစ်စေရပါဘူး။ ကြီးကျယ်သော စကားအသုံးအနှုန်းများကိုရှောင်ပြီး တိုတိုနှင့် အဓိပ္ပာယ်ပြည့်စုံနိုင်အောင် သုံးစွဲရပါမယ်။**

မေး- သတင်းဆောင်းပါးကို ဘယ်လိုရေးသင့်ပါသလဲ။

ဖြေ- **သတင်းဆောင်းပါးကို အများစိတ်ဝင်စားမယ်လို့ ယူဆရသော အကြောင်းအရာနဲ့ အတွေးအခေါ် အယူအဆတို့ကို စာရေးသူက စကားပြေနဲ့ ရေးသားတင်ပြချက်ဖြစ်လို့ ဖတ်သောသူကို အလွယ်တကူ သဘောပေါက်နိုင်ရန် လိုပါတယ်။ နားရှုပ်ထွေးခြင်းလည်း မရှိစေရပါဘူး။ ပေါ်လွင်ထင်ရှားသော စကားလုံးများကို အများဆုံး အသုံးပြုရပါတယ်။ ဝါကျဟာ တိုလေကောင်းလေ ဖြစ်ပါတယ်။ မရှောင်လွှဲသာမှ ဝါကျရှည်များကို သုံးရပါတယ်။**

မေး- သတင်းရေးရာတွင် ဆောင်ရန်နှင့်ရှောင်ရန်တို့ ရှိပါသလား။

ဖြေ- **ရှိပါတယ်။ သတင်းရေးရာတွင် မိမိသုံးနှုန်းသော ပုဒ်၊ ပါဌ်၊ အက္ခရာတို့သည် တိကျမှန်ကန်မှုရှိသော စကားလုံးများဖြစ်ရန် လိုပါသည်။ တိကျမှုမရှိသော စကားလုံးများ၊ ဝါး၍ချသောစကားလုံးများကို ရှောင်ကြဉ်ရပါမယ်။ ထို့အတူ မလိုသောစကားလုံးများ၊ ပိုသောစကားလုံးများကို သုတ်သင်ပစ်ရပါမယ်။ ။**

ဒေါ်တင်တင်ခိုင် လက်ထောက်ကထိက ပထဝီဝင်ဌာန ရန်ကုန်တက္ကသိုလ်

မေး- သတင်းစာပညာ လေ့လာသူတစ်ဦးဟာ ပထဝီဝင်ပညာရပ်နဲ့ ပတ်သက်လို့ ဘာတွေ သိထားသင့်ပါသလဲ။

ဖြေ- **သတင်းစာ လေ့လာသူတစ်ဦးဟာ ပထဝီဝင်ဘာသာရပ်နဲ့ ပတ်သက်လို့ မိမိနိုင်ငံရဲ့ တည်နေရာ၊ မြေမျက်နှာသွင်ပြင်၊ ရာသီဥတု၊ သဘာဝပေါက်ပင်၊ လူဦးရေ၊ လူမျိုးတို့ကို လေ့လာထားသင့်ပါတယ်။ သတင်းရေးသားသူတိုင်း မိမိနိုင်ငံသာမက မိမိ၏ အိမ်နီးချင်းနိုင်ငံများ၊ အရှေ့တောင် အာရှနိုင်ငံများ၊ အာရှအာဖရိက နိုင်ငံများ၊ ဥရောပနိုင်ငံများက ကမ္ဘာ့နိုင်ငံတွေရဲ့ ဖြစ်ပေါ်တိုးတက်နေတဲ့ အကြောင်းတွေကို မျက်ခြည်မပြတ် လေ့လာထားသင့်ပါတယ်။**

မေး- အဲ့ဒီလို သိထားခြင်းကြောင့် ဘယ်လိုအကျိုးကျေးဇူး ရပါသလဲ။

ဖြေ- **အဲ့ဒီလိုလေ့လာမှတ်သားမှသာ မိမိတို့ရဲ့ ရေးသားတဲ့အကြောင်းအရာ သတင်း၊ ဆောင်းပါးများတွင် မိမိနိုင်ငံ(သို့မဟုတ်) ကမ္ဘာ့နိုင်ငံများရဲ့ မျက်မှောက်အကြောင်းအရာများကို တိတိကျကျ မှန်မှန်ကန်ကန် ဝေဖန်သုံးသပ်ရေးသားနိုင်မှာ ဖြစ်ပါတယ်။**

မေး- ဒါ့အပြင် ဘာတွေရော ဆက်စပ်မှုရှိပါသေးလဲ။

ဖြေ- **သတင်းစာပညာရပ်မှာ ပထဝီဝင်ဘာသာရပ်နဲ့ အများကြီး ဆက်စပ်မှုရှိပါတယ်။ ဥပမာ မိုးလေဝသသတင်း၊ မြစ်ရေကြီးခြင်းသတင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ဆူနာမီ၊ မုန်တိုင်းတိုက်ခြင်း၊ လေဆင်နှာမောင်းတိုက်ခြင်းတို့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း၊ လေထု ရေထု ညစ်ညမ်းမှု ထိန်းသိမ်းခြင်းတို့ကို ဆက်စပ်ဖော်ထုတ်ပြီး ကြိုတင်ခန့်မှန်း သတင်းရေးသားနိုင်ပါတယ်။ ။**

ဒေါ်နုနုသိန်း ကထိက အသုံးချဘောဂဗေဒဌာန ရန်ကုန်စီးပွားရေးတက္ကသိုလ်

မေး- သတင်းစာပညာနဲ့ ဘောဂဗေဒပညာရပ်ဆက်စပ်မှုကို သိပါရစေ။

ဖြေ- **သတင်းစာပညာဟာ အရေးကြီးတဲ့ ဘာသာရပ်ကြီး တစ်ခုဖြစ်ပြီး ဘာသာရပ်အသီးသီးနဲ့ အံ့သြဖွယ်ဆက်စပ်ယှက်နွှယ်နေပါတယ်။ စီးပွားရေးအခြေအနေသည် ပြည်တွင်းမှာရော၊ ပြည်ပမှာပါ အရေးပါတဲ့ကဏ္ဍဖြစ်လို့ သတင်းစာဆရာတစ်ယောက်ဟာ ဘောဂဗေဒပညာရပ်ကို နှံ့စပ်အောင် သိထားသင့်ပါတယ်။ ဒါမှလဲ စီးပွားရေးနဲ့ပတ်သက်တဲ့ သတင်းတွေ ရေးသားရာမှာ အများကြီးအထောက်အကူပြုမယ်လို့ ထင်မြင်မိပါတယ်။**

မေး- သတင်းစာပညာ လေ့လာသူတစ်ဦးဟာ ဘောဂဗေဒပညာရပ်နဲ့ ပတ်သက်လို့ ဘာတွေကို သိထားသင့်သလဲ။

ဖြေ- **ဘောဂဗေဒပညာရပ်အနေနဲ့ ပတ်သက်လို့ ဂျာနယ်လစ်တစ်ယောက်ဟာ မြန်မာနဲ့ ကမ္ဘာ့စီးပွားရေးအခြေအနေကို လေ့လာထားရပါမယ်။ ဒီနေရာမှာ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒများ၊ ရည်မှန်းချက်များ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်းများ၊ အနာဂတ်အလားအလာများ၊ ကဏ္ဍအလိုက် စီးပွားရေးဖွံ့ဖြိုးမှု လုပ်ဆောင်ချက်များ စသည်တို့ကို နားလည်ထားရပါမယ်။ တစ်ဖက်ကလဲ ကမ္ဘာ့နိုင်ငံများရဲ့ စီးပွားရေးအခြေအနေ၊ အပြည်ပြည် ကုန်သွယ်မှုအခြေအနေ၊ ကမ္ဘာ့ငွေကြေးဈေးကွက် အလားအလာများ၊ ကမ္ဘာ့စီးပွားရေးနဲ့ ငွေကြေးအဖွဲ့အစည်းများ စသည်တို့ကို နှံ့နှံ့စပ်စပ် သိထားရပါမယ်။**

မေး- ဘောဂဗေဒနဲ့ ပတ်သက်လို့ ယေဘုယျ လေ့လာထားသင့်တဲ့ ဘာသာရပ်တွေကို ပြောပြပါဦး။

ဖြေ- **မိုက်ကရိုဘောဂဗေဒ၊ မက်ကရိုဘောဂဗေဒတို့ကို အဓိကလေ့လာသင့်တဲ့အပြင် ဖွံ့ဖြိုးမှုဘောဂဗေဒ၊ ဒေသဆိုင်ရာဘောဂဗေဒ၊ ပတ်ဝန်းကျင်ဆိုင်ရာဘောဂဗေဒ၊ အပြည်ပြည်ဆိုင်ရာ ဘောဂဗေဒစသည့် ဘောဂဗေဒပညာရပ်များရဲ့ သဘောတရားများကို ယေဘုယျ နားလည်ထားဖို့လိုပါတယ်။**

မေး- အဲ့ဒီလိုသိထားခြင်းကြောင့် ရရှိလာမယ့် အကျိုးကျေးဇူးတွေကို သိပါရစေ။

ဖြေ- **ဒါမှလဲ စီးပွားရေးနဲ့ပတ်သက်တဲ့ သတင်းလိုက်ခြင်း၊ သတင်းရေးသားခြင်း၊ တည်းဖြတ်ခြင်း၊ တွေ့ဆုံမေးမြန်းခြင်း၊ ပြည်တွင်းပြည်ပ စီးပွားရေးဝေဖန်ချက် ဆောင်းပါးများရေးခြင်း၊ သတင်းစာဖန်တီးထုတ်လုပ်ခြင်းလုပ်ငန်းများမှာ ဟာကွက်မရှိ အမှန်အတိုင်း သုံးသပ်ရေးသားနိုင်မှာဖြစ်ပါတယ်။ ။**

ဒေါ်အောင်အောင်လေး လက်ထောက်ကထိက ဥပဒေဌာန ရန်ကုန်တက္ကသိုလ်

မေး- သတင်းစာပညာရပ်နဲ့ ဥပဒေပညာရပ်တို့ ပတ်သက်မှု ရှိပါသလား သိပါရစေ။

ဖြေ- **ရှိပါတယ်။**

မေး- သတင်းကို ရေးသားပုံနှိပ်ရာတွင် ဘယ်အချက်တွေကို သတိထားရပါမလဲ။

ဖြေ- **ရုံးတော်ကို မထီမဲ့မြင်ပြုတဲ့ အပြော အဆို အရေးအသားကို ထည့်သွင်းဖော်ပြမိက သတင်းရေးသူ၊ ထည့်သွင်းဖော်ပြသူ၊ ပုံနှိပ်ထုတ်ဝေသူတွေမှာ အပြစ်ရှိကြောင်း တရားရုံးများ ဥပဒေပုဒ်မ(၂) နှင့် (၃)တို့တွင် ပြဋ္ဌာန်းထားတယ်။ သဘောရိုးဖြင့် မှန်လိမ့်မည်ဟုထင်ပြီး အမှတ်တမဲ့ ထည့်လိုက်ပါတယ်ဟု ထုချေပိုင်ခွင့်မရှိဘူး။(စောဘသိန်းနှင့် ဦးကိုကိုလေး ၁၉၄၀ မတစ ၃၉၈)**

မေး- သတင်းစာဆရာတစ်ယောက်ဟာ ဥပဒေနဲ့ ပတ်သက်ပြီး နှံ့စပ်မှုမရှိရင် ဘယ်လိုငြိစွန်းမှုမျိုး ရှိနိုင်ပါသလဲ။

ဖြေ- **သတင်းစာနဲ့ ပတ်သက်တဲ့ ဥပဒေရှုထောင့်မှကြည့်ရင် စာပေနဲ့ စာနယ်ဇင်းသမားတို့ဟာ မိမိတို့ ရေးသားလိုက်တဲ့ စာတွေကြောင့် အသရေဖျက်ရာရောက်ခြင်း၊ အထင်လွဲမှားစေခြင်း၊ တရားရုံးကို မထီမဲ့မြင်ပြုရာရောက်ခြင်းများကို ကျူးလွန်မိပါက တရားဥပဒေနှင့် ငြိစွန်းတတ်ပါတယ်။**

မေး- အသရေဖျက်မှုနဲ့ ပတ်သက်တဲ့ အချက်တွေကိုလည်း သိချင်ပါတယ်။

ဖြေ- **ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉ အရ စာအမှတ်အသားပုံသဏ္ဌာန်တစ်ခုဖြင့် ကြေညာခြင်းပြုပါက အသရေဖျက်မှုမြောက်ပါသည်။ ကာတွန်းရေးဆွဲခြင်း၊ ရုပ်တုရုပ်ပုံပြုလုပ်၍ မီးရှို့ခြင်း၊ ရုပ်ပြောင်ရေးဆွဲခြင်းတို့မှ အမှတ်အသား(သို့မဟုတ်) ပုံသဏ္ဌာန်ဖြင့် အသရေဖျက်ခြင်း၏ ဥပမာများဖြစ်တယ်လို့ (ဒေါ်ချို့နှင့် ပြည်ထောင်စု ၁၉၆၅ မတစ ၂၃)မှာ ဆိုထားပါတယ်။**

မေး- သတင်းစာရေးသားရာမှာ ဝေဖန်ရေးနှင့် ပတ်သက်လို့ သတိထားရမယ့် အချက်ကို ပြောပြစေချင်ပါတယ်။

ဖြေ- **သတင်းစာဆရာများရဲ့ စွပ်စွဲချက်ကို တိုင်းပြည်အနှံ့ ရောက်ရှိနိုင်တာမို့ အစွပ်စွဲခံရသူအဖို့ လွန်စွာမှ နစ်နာစေနိုင်ပါတယ်။ ဒါ့ကြောင့် ချင့်ချိန်ဝေဖန်ရေးသားသင့်တယ်။ [ဦးထင်ဇော်(တိုင်းတရားသူကြီး) သတင်းစာနှင့် ပြစ်မှုဆိုင်ရာဥပဒေ]မှာ ဆိုထားပါတယ်။ ။**

(မြန်မာ့အလင်း)

သတင်းစာပညာဟာ ဒီဘာသာရပ်တွေ အားလုံးနဲ့ အံ့သြဖွယ် ဆက်စပ်နေ။
ဒေါ်ခင်နှင်းရီ (လ/ထ ကထိက)

ကမ္ဘာ့နိုင်ငံတွေရဲ့ ဖြစ်ပေါ်တိုးတက်နေတဲ့ အကြောင်းတွေကို မျက်ခြည်မပြတ် လေ့လာထားသင့်။
ဒေါ်တင်တင်ခိုင် (လ/ထ ကထိက)

စီးပွားရေးနဲ့ပတ်သက်တဲ့ သတင်းတွေရေးသားရာမှာ အများကြီး အထောက်အကူပြုမယ်လို့ ထင်မြင်မိ။
ဒေါ်နုနုသိန်း (ကထိက)

တရားရုံးကို မထီမဲ့မြင်ပြုရာရောက်ခြင်းများကို ကျူးလွန်မိပါက တရားဥပဒေနှင့် ငြိစွန်းနိုင်။
ဒေါ်အောင်အောင်လေး (လ/ထ ကထိက)

စာမျက်နှာ (၁၀) ဆောင်းပါးမှ အဆက်

နိုင်ပြီ ဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံအား အနာကြီးရောဂါ ကင်းဝေးသော နိုင်ငံအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိအမှတ်ပြု ထားပြီး ဖြစ်ပါသည်။

ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ကူးစက် ရောဂါများကြောင့် ကလေးသူငယ်များ သေဆုံးမှုနှုန်း မြင့်မားကြပါသည်။ ထို့ကြောင့် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများမှ ကလေးငယ်များ ကင်းစင်စေရန် တိုးချဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။ တိုးချဲ့ ကာကွယ်ဆေးထိုး လုပ်ငန်းအနေဖြင့် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ ပိုလီယို၊ ဝက်သက်၊ အဆုတ်ရောဂါနှင့် အသည်းရောင် အသားဝါ(ဘီ) ရောဂါ ခုနစ်မျိုး ကာကွယ်ဆေးများကို ကလေးသူငယ်များအား ထိုးနှံ တိုက်ကျွေးပေးရာ တစ်နိုင်ငံလုံးရှိ မြို့နယ်အားလုံးတွင် လွှမ်းခြုံမှု ရရှိပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပိုလီယို ကင်းစင်ရေးအတွက် ၁၉၉၆ခုနှစ်မှစ၍ အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ရှစ်ကြိမ်၊ ဒေသအလိုက် အမျိုးသား ကာကွယ်ဆေး တိုက်နေ့များ လေးကြိမ် စုစုပေါင်း (၁၂)ကြိမ်အထိ ကျင်းပဆောင်ရွက်နိုင်သည့်အတွက် ၂၀၀၀ပြည့်နှစ်မှ ၂၀၀၆ ခုနှစ် နှစ်ဆန်းပိုင်းအထိ ခြောက်နှစ်ကျော် ပိုလီယိုအကြောသေရောဂါ ပပျောက်ခဲ့သော်လည်း ၂၀၀၆ ခုနှစ် မေလတွင် ပြင်ဦးလွင်မြို့နယ်၌ လည်းကောင်း၊ ၂၀၀၇ ခုနှစ် မေလတွင် ရန်ကုန်တိုင်း ခရမ်းမြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် ပဲခူးတိုင်း ဖြူးမြို့နယ်များ၌ လည်းကောင်း၊ ကာကွယ်ဆေးမှ အသွင်ပြောင်းလာသော ပိုလီယိုရောဂါပိုးများ တွေ့ရှိခဲ့ပါသည်။ ဤသို့သော အခြေအနေများကြောင့် ပိုလီယိုရောဂါပိုးများ၏ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရေး၊ ကလေးငယ်များတွင် ရောဂါပိုး ခုခံနိုင်မှု စွမ်းအားများ မြင့်မားစေရေးတို့အတွက် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ မွေးကင်းစမှ ငါးနှစ်အောက် ကလေးငယ်အားလုံးကို ပိုလီယို ကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးနိုင်ရန် ၂၀၀၇ ခုနှစ်အတွက် "အမျိုးသားကာကွယ်ဆေးတိုက်နေ့များ"အစီအစဉ်ကို အကောင်အထည် ဖော် ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ငါးနှစ်အောက်ကလေး သေဆုံးရခြင်း အကြောင်း တစ်ရပ်မှာ ဝမ်းပျက်ဝမ်းလျှော ရောဂါကြောင့်ဖြစ်ပါသည်။ ဝမ်းပျက် ဝမ်းလျှော ရောဂါဖြစ်ရခြင်းမှာ အစားအစာနှင့် သောက်သုံးရေ မသန့်ရှင်းမှု၊ ပတ်ဝန်းကျင်မသန့်ရှင်းမှု၊ တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းခြင်းတို့ ကြောင့်ဖြစ်ပါသည်။ ဤရောဂါကို ကာကွယ်ရာတွင် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုပါရှိမှသာ ထိရောက်မှုရှိမည်ဖြစ်ပါသည်။ ၁၉၉၈ ခုနှစ် မေလတွင် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ကို စတင်ကျင်းပခဲ့ပြီး ၂၀၀၇ ခုနှစ် အထိ ဆက်လက်ကျင်းပခဲ့ပါသည်။ ဤလှုပ်ရှားမှုများကြောင့် ပြည်သူလူထုအား ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများကို ပိုမိုသိရှိလာစေခဲ့ပါသည်။ ဒေသထွက်ပစ္စည်းများဖြင့် စရိတ်သက်သာစွာ အသုံးပြုနိုင်သည့် ယင်လုံအိမ်သာ ဆောက်လုပ်ရေး နည်းပညာများကို ပြည်သူလူထုအတွင်း ဖြန့်ဝေနိုင်ခဲ့ပါသည်။

သမားရိုးကျ ဖြစ်ပွားနေသော ရောဂါများအတွက် ကာကွယ်နှိမ်နင်းရေး လုပ်ကိုင်နေသည့် တစ်ချိန်တည်းမှာပင် ကမ္ဘာတစ်ဝန်း၌ လတ်တလော ပေါ်ပေါက်နေသော ကူးစက်မြန်ရောဂါများအတွက် ကာကွယ်ရန် အသင့်အနေအထား ပြင်ဆင်ထားရှိပါသည်။ SARS၊ ကြက်ငှက်တုပ်ကွေးစသော ကူးစက်ရောဂါများအတွက် အရေးပေါ်တုံ့ပြန်မှု အဖွဲ့များ ဖွဲ့စည်းထား၍ ဝင်ရောက်လာနိုင်သည့် နိုင်ငံ၏ဝင်ပေါက်များ၌ စောင့်ကြည့် ကြပ်မတ်စစ်ဆေးပေးမှုများ ပြုလုပ်ခဲ့ပြီး ဖြစ်ပွားခဲ့လျှင်လည်း ကုသနိုင်ရန် သူနာပြုစုခန်းများအား အဆင်သင့်ပြင်ဆင်ထားရှိပါသည်။ ။

❐ ကျောဖုံးမှ

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် ဟားခါးမြို့ တပ်နယ်ရိပ်သာ အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ လက်ဖက်နှင့်နွားနောက် တိုးချဲ့ဆောင်ရွက်ရေး၊ ဒေသရာသီဥတုနှင့်ကိုက်ညီသည့် တည်င်း၊ ထောပတ်နှင့် ဝဥများကို တိုးချဲ့စိုက်ပျိုးရေး၊ မိုးစပါး၊ နွေစပါး၊ တောင်ယာစပါးများအပြင် သီးထပ်၊ သီးညှပ်များ စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံအဆောက်အအုံသစ် ဆောက်လုပ်ရေးစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းဆောင်သစ်မှာ ယခုအခါ တည်ဆောက်ရေးလုပ်ငန်း ၇၀ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည်ဟားခါးမြို့ရှိပြည်နယ် ပြည်သူ့ဆေးရုံကြီး ခုတင်(၂၀၀)ဆံ့ပင်မ လူနာဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ လူနာဆောင်သစ်မှာ ယခုအခါ ၈၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီ ဖြစ်သည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဟားခါး-ဂန့်ဂေါလမ်းပိုင်း မိုင်တိုင်အမှတ် ၂၁ မိုင် ၄ ဖာလုံ၌ စက်ယန္တရားကြီးများဖြင့် ယာဉ်သွားလမ်းချဲ့ထွင် ဖောက်လုပ်နေမှု၊ မိုင်တိုင် အမှတ် ၃၂ မိုင်၌ မြေထိုးစက်ကြီးများဖြင့် မြေထိန်းနံရံပြုပြင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြစ်ကြီးနား မဟာဗန္ဓုလလမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်

မြစ်ကြီးနား ဇန်နဝါရီ ၁၅

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက် မဟာဗန္ဓုလလမ်းမကြီး ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက်က လမ်းသစ်မုခ်ဦး၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် တက်ရောက်အားပေး ချီးမြှင့်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးက ခေမာသီရိရပ်ကွက် မဟာဗန္ဓုလလမ်းမကြီး ကတ္တရာထပ်ပိုးလွှာလမ်း ဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ထပ်ပိုးလွှာခင်းလမ်းသစ်ကို ပြည်နယ် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရာဝမ်ဂျုံး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းအောင်နှင့် မြို့နယ်တာဝန်ခံ အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက ထပ်ပိုးလွှာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကြသည်။

အကုန်အကျခံဆောင်ရွက်

အဆိုပါလမ်းမှာ မူလကတ္တရာ လမ်းဟောင်းဖြစ်ပြီး အဆင့်မြင့်ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းဖြစ်ကာ အရှည် ၇၇၈၂ပေ၊ အကျယ်၁၆ပေရှိလမ်းအတွက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကုန်ကျကတ္တရာပုံးပိုးမှုတန်ဖိုးနှင့် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကတ္တရာ၊ ဆီဖိုး၊ ကျောက်ဖိုး၊ လုပ်အားခကုန်ကျမှုတန်ဖိုးငွေကျပ်စုစုပေါင်း ၉၅၉၄၆၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

နှစ်ဖက်သောမိဘများနှင့် ခိုင်ရွှေဝင်းကုမ္ပဏီ လီ မိ တက်၏ ကျေးဇူးရှင် ဒေါ်သန်းနု (မန်နေဂျင်း ဒါရိုက်တာ) အားရည်စူး၍ကျန်ရစ်သူ မိသားစုများ ဖြစ်ကြသော ဦးတင်ရွှေ-ဒေါ်မွေး၊ မန်နေဂျာ ဦးအေးနှင့် ဦးမြင့်ရွှေ မိသားစုတို့က မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ(ခဝဲခြံ)ကျောင်းသို့ တစ်နေ့တာ ကျွေးမွေးစရိတ်နှင့် မျက်မမြင်ကျောင်းသား ကျောင်းသူများအတွက် လှူဒါန်းငွေကျပ် ၃၅၀၀၀၀ ကို ဇန်နဝါရီ ၂၀ ရက်က ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦး လက်ခံစဉ်။ (က-ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် (၁၀) ရပ်ကွက် အောင်မင်းခေါင်ဘုရားလမ်းရှိ ဓာတ်ပေါင်းစုံ အောင်မင်းခေါင်ဘုန်းကြီးကျောင်းတိုက်အတွက် နှစ်ဖက်သော မိဘများအား ရည်စူး၍ ဦးသူရနိုင်၊ Dr. Steven ကျော်ထွဋ်အောင်နှင့် Canada နိုင်ငံမှ ဗုဒ္ဓဘာသာဝင်မိတ်ဆွေများ စုပေါင်း၍ အလှူငွေကျပ် ၇၈ သိန်းကို ဓာတ်ပေါင်းစုံ ကျောင်းတိုက်ဆရာတော် ဦးသီလဝံသထံ ရေစက်ချလှူဒါန်းရာ ဗဟန်းမြို့နယ်သာသနာရေးမှူး ဦးအောင်ကျော်မြင့် လက်ခံယူစဉ်။ (သတင်းစဉ်)

စက်မှုလက်မှုသိပ္ပံ (ဂျီတီအိုင်) ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၈

ဂျီတီအိုင် ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်း၍ ဂျီတီအိုင်ကျောင်းများမှ အငြိမ်းစား ယူသွားကြသော အသက်(၆၀)ပြည့် ဆရာကြီးဆရာမကြီးများအား (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်များ ဓမ္မာရုံ၌ ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဦးရန်ဝင်း(အင်းစိန် G.T.I)ဖုန်း- ၂၄၁၉၀၅၊ ဦးကြည်လင်း(အင်းစိန် G.T.I) ဖုန်း- ၂၅၂၅၈၅၊ ဦးဇော်ဝင်း (ကလော G.T.I)ဖုန်း- ၅၅၈၂၉၄၊ ဦးတင်အေး(ပြည် G.T.I) ဖုန်း- ၀၉-၅၀-၀၃၇၈၂၊ ဦးကျော်ကျော်စိုး (မန္တလေး G.T.I)ဖုန်း- ၅၀၅၉၆၉၊ ဦးမောင်မောင်အုန်းမြင့် (ချောက် G.T.I) ဖုန်း- ၀၉-၅၀-၁၅၆၇၈နှင့် ဦးခင်ဇေ(ရုံးအဖွဲ့မှူး) ဖုန်း- ၅၁၉၈၆၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နေပြည်တော် ဗဟိုစာတိုက်ကြီးနှင့် အော်တိုအိတ်ချိန်း ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၈

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက နေပြည်တော် ဗဟိုစာတိုက်ကြီးသို့ ရောက်ရှိပြီး စာကြည့်တိုက်ဝင်းအတွင်း မြေပြုပြင်ထိန်းသိမ်းမှုနှင့် သစ်ပင်ပန်းပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ဝန်ကြီးသည် နေပြည်တော် ဗဟိုစာတိုက်ကြီးအတွင်း ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုအခြေအနေများနှင့် စာရွေးစာပို့လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ **(အပေါ်ပုံ)** လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းမှတစ်ဆင့် ဝန်ကြီးသည် နေပြည်တော် အော်တိုအိတ်ချိန်းသို့ရောက်ရှိပြီး ဆက်သွယ်မှုလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေနှင့် စက်ပစ္စည်းများ တပ်ဆင်ကိုင်တွယ် ထိန်းသိမ်းမှုအခြေအနေများကိုလည်းကောင်း၊ ဆက်သွယ်ရေး ချွတ်ယွင်းမှု တိုင်ကြားရေးဌာန(၁၀၆)၌ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် မှတ်တမ်းစာရင်းဇယားများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်ဝန်ကြီးသည် နေပြည်တော်ပျဉ်းမနား အော်တိုအိတ်ချိန်းသို့ရောက်ရှိပြီး ဆက်သွယ်ရေးစက်ပစ္စည်းများ တပ်ဆင်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောင်ဆန်းဆရာတော် ဝိဇာတမင်္ဂလာအထိမ်းအမှတ် ဒုလ္လဘ ၄၅၀ ရဟန်းခံပွဲနှင့် တရားစခန်းပွဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၈

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ(၇၇)၏ ပဓာနနာယက မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ နာယကပြည်တွင်း ပြည်ပ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ၏ ဝိဇာတမင်္ဂလာ အထိမ်းအမှတ် ဒုလ္လဘရဟန်း ၄၅၀အား သင်္ကန်းပရိက္ခရာများလှူဒါန်းရန် ရဟန်းခံပေးပြီး သိမ်ဆင်းသံဃာ အပါး ၅၀၀ အား သိမ်ဆင်းလောင်းလှူပွဲနှင့်(၁၁၃)ကြိမ်မြောက် ၁၀ ရက် တရားစခန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ရာနိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ရွှာမပရိယတ္တိ စာသင်တိုက်ကြီး၏ မဟာပဓာနနာယက ဘဒ္ဒန္တ နန္ဒဝံသက ဩဝါဒကထာမြွက်ကြားဖွင့်လှစ်ပေးပြီး အောင်ဆန်းဆရာတော်ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရက ယောဂီ ၁၃၀၀ တို့အား ပဋိစ္စသမုပ္ပါဒ် သစ္စာတရားတော်များကို ဟောကြားသည်။ **(က-ပ)**

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ဖြင့် **ဦးဝင်းမောင် (မြဘုရင်နို့ဆီ)**၊ ရဲစုရပ်ကွက်၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းအား **သုဓမ္မ မဏိဇောတဓရဘွဲ့** တံဆိပ်တော် ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံအကျိုး၊ လူမှုအကျိုး၊ သာသနာ့အကျိုးတို့ကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Myanma Super Dragon Group Co.,Ltd.

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ဖြင့်ချီးမြှင့်သော သာသနာတော်ဆိုင်ရာဘွဲ့ဖြစ်သည့် " **သုဓမ္မသိင်္ဂီ** " ဘွဲ့ကို ချီးမြှင့်ခြင်း ခံရပါသဖြင့် မိခင်ကြီး **ဒေါ်ဝင်းကြည် (ဒါရိုက်တာ၊ မြန်မာမြေလတ်သား ပို့ဆောင်ရေးလီမိတက်)** အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ခင်ပွန်း – ဦးချုသန်း(သီဟသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ)
သား – ဦးမျိုးဝင်း–ဒေါ်နိုင်နိုင်ဦး
သား – ဦးမျိုးသန်း
သား – ဦးကံဆန်း
သား – ဦးခိုင်စိုး–ဒေါ်ပီတိနို
သမီး – ဒေါ်သက်သက်ဆွေ

မြေးများ – သက်စု၊ ရွှေဆု၊ ပုတု၊ ကစ်ကစ်
မြန်မာမြေလတ်သား ပို့ဆောင်ရေးလီမိတက်မှ ဝန်ထမ်းများအားလုံး။

ဇန်နဝါရီ၂၇ရက်က ဗဟန်းမြို့နယ် အမက(၁၀) ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ အထူးဆုရ မောင်သက်ဦးလှိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းယဉ်က ဆုချီးမြှင့်စဉ်။ (က–ပ)



ဆေးတက္ကသိုလ်(၁) ၁၉၈၄–၁၉၉၀ ကျောင်းသား/ကျောင်းသူများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၂–၃–၂၀၀၈ ရက်(စနေနေ့)တွင် ကျင်းပမည် ဖြစ်ပါသည်။

အလှူငွေထည့်ဝင်လိုသူများနှင့် မိတ်ဆုံစားပွဲ တက်ရောက်လိုသူများ အောက်ပါ ကျောင်းသား/ကျောင်းသူများထံ ဆက်သွယ်ထည့်ဝင်နိုင်ပါသည်။

ကိုကိုဇော်	ဖုန်း–၀၉ ၅၁ ၃၄၉၀၇	မြမို့မို့အောင်	ဖုန်း–၀၁ ၅၅၇၅၄၀
ကျင်ထွန်း	ဖုန်း–၀၁ ၂၀၀၄၃၃	မြမြအေး	ဖုန်း–၀၉ ၅၁ ၂၅၇၀၈
ကြည်မာဦး	ဖုန်း–၀၉ ၅၀ ၂၀၇၉၄	မွန်မွန်ခိုင်	ဖုန်း–၀၉ ၈၀ ၃၄၂၀၆
ခင်ဝင်းသန်း	ဖုန်း–၀၁ ၅၃၇၇၇၆	ယုဂျနီး	ဖုန်း–၀၉ ၅၁ ၅၉၁၉၈
စုစုထွန်း	ဖုန်း–၀၉ ၅၀ ၁၀၄၄၂	ရှုမွန်	ဖုန်း–၀၉ ၅၀၀ ၄၂၆၅
စည်သူအောင်	ဖုန်း–၀၉ ၈၀ ၂၀၁၃၃	လွင်လွင်ဦးလှိုင်	ဖုန်း–၀၆၇ ၄၁၄၄၃၄
ထင်ကျော်ဦး	ဖုန်း–၀၉ ၅၀ ၀၁၁၈၄	လှဘုန်း	ဖုန်း–၀၉ ၅၀ ၃၂၃၄၉
စန်းစန်းအေး	ဖုန်း–၀၆၇ ၄၁၄၀၀၄	ဝင်းဦး	ဖုန်း–၀၉ ၅၁ ၂၅၀၉၂
ပြုံးပြုံးဟန်	ဖုန်း–၀၉ ၅၀ ၀၄၂၈၇	ဝင်းဝင်းမေ	ဖုန်း–၀၁ ၂၉၁၈၁၅
မိုးမိုးတင်	ဖုန်း–၀၉ ၅၁ ၅၆၈၇၉	သန့်ဇော်ဦး	ဖုန်း–၀၉ ၅၀ ၀၇၄၀၇
မောင်မောင်အေး	ဖုန်း–၀၃၁ ၃၆၀၉၅	အေးအေးမြင့်	ဖုန်း–၀၉ ၉၉ ၇၁၉၀၀
မျိုးလွင်	ဖုန်း–၀၉ ၉၉ ၂၅၈၀၁	အောင်ဇေမိုး	ဖုန်း–၀၉ ၈၀ ၂၂၁၀၄
မျိုးဥမ္မာနွယ်	ဖုန်း–၀၉ ၉၉ ၂၁၃၇၂	အေးအေးရီ	ဖုန်း–၀၁ ၅၁၃၂၄၉

အာစရိယပူဇော်ပွဲ – (8:00 AM to 11:00 AM)M3 Food Centre
မိတ်ဆုံစားပွဲ – (6:00 PM Onward)M3 Food Centre

မြန်မာ့အလင်း မှုခင်းသတင်းများ

ဆင်ဆာမဲ့ဗွီစီဒီများငှားရမ်းသူအား အရေးယူ

ရန်ကုန် ဇန်နဝါရီ ၂၈

သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် ပန်းရိပ် ၂ လမ်း အမှတ် ၈၁၉ ရှိ နေခြည် ဗီဒီယို အခွေဆိုင်တွင် ဆင်ဆာမဲ့ဗွီစီဒီ၊ ဒီဗွီဒီခွေများ ငှားရမ်း၊ ရောင်းဝယ်နေကြောင်း သတင်းအရ ဇန်နဝါရီ ၂၆ ရက် ည၇နာရီခန့်က သဃ်န်းကျွန်းမြို့နယ် ဗီဒီယိုအခြေခံ အစည်းအရုံးမှ အတွင်းရေးမှူး ဦးအောင်ကျော်စိုး၊ ဒေါပုံမြို့နယ် ဗီဒီယိုအခြေခံ အစည်းအရုံးမှတာဝန်ရှိသူများနှင့်သဃ်န်းကျွန်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ ဝင်ရောက်ရှာဖွေခဲ့ရာ ဆင်ဆာမဲ့ မြန်မာစာတန်းထိုး နိုင်ငံခြားကားမျိုးစုံနှင့် နိုင်ငံခြား ဇာတ်လမ်းတွဲမျိုးစုံ စုစုပေါင်း ဗွီစီဒီ၊ ဒီဗွီဒီ ၆၂ ချပ်အား ဆိုင်ဝန်ထမ်း မအေးသွယ် ၂၈နှစ် (ဘ)ဦးကြည်မြင့် အမှတ် ၈၁၉ ပန်းရိပ် ၂ လမ်း ငမိုးရိပ်ရပ်ကွက်နေသူမှ ငှားရမ်းရောင်းဝယ်နေကြောင်း စစ်ဆေးသိရှိရသဖြင့် သဃ်န်းကျွန်းရဲစခန်းက မအေးသွယ် အပေါ် (ပ) သတင်းချက်အမှတ် ၉၆/၂၀၀၈၊ မြန်မာ့ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေပုဒ်မ ၃၂(ခ)ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ကြီးတံခွန်မြို့နယ်ရှိ သံရည်ကျိုစက်ရုံ လုံအိုးပေါက်ကွဲ သုံးဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

ရန်ကုန် ဇန်နဝါရီ ၂၈

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (ဈ)ရပ်ကွက် မန္တလေး စက်မှုဇုန် ၅၁ x၅၂လမ်းကြား ခရေလမ်း အကွက်အမှတ် အိတ်ချ်၂၀၈/၉ရှိ ဦးမြတ်ကျော်ပိုင်သည့် မြတ်ကျော်စက်မှုလက်မှု သံရည်ကျိုစက်ရုံတွင် ဇန်နဝါရီ၂၆ရက် မွန်းလွဲ၂နာရီခွဲက သံရည်ကျိုလုပ်ငန်းသုံး လုံအိုးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ လုံအိုးပေါက်ကွဲမှုကြောင့် စက်ရုံအလုပ်သမား ကိုထွေး(၂၈)နှစ် (ဘ)ဦးမြငြိမ်း၊ အောင်ဆန်းမင်း (၂၉)နှစ် (ဘ)ဦးမြအောင်နှင့် အောင်ဝင်း (၃၇)နှစ် (ဘ)ဦးသောင်းရှိန်တို့ သုံးဦးမှာ ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့ကြပြီး မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးသို့တင်ပို့စဉ် သေဆုံးခဲ့ကြောင်း၊ ကျန်အလုပ်သမားနှစ်ဦးဖြစ်သည့် နေမျိုး (၂၄)နှစ် (ဘ) ဦးချိုတူးနှင့် အောင်သူ (၂၂)နှစ် (ဘ) ဦးအေးသိန်းတို့မှာ ဒဏ်ရာအနည်းငယ်ရရှိပြီး မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်၍ ပြည်ကြီးတံခွန်ရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၁/၂၀၀၈ ဖွင့်လှစ်၍ စိစစ်ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

စမ်းချောင်းမြို့နယ် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၃ရက်က အထက်တန်းကျောင်းအမှတ်(၁) ခန်းမတွင် ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်သန်း အဖွင့်အမှာစကားပြောကြားစဉ်။ (၁၀၃)

ခေါ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သြဘာလမ်း၊ အမှတ် ၃၂ နေ
Ex- Capt, ဦးဇော်ဝင်း–ဒေါ်မွေးမွေးတို့၏သားလတ်

မောင်ဥက္ကာဇော် B. Sc (Bot)

Institute of International Information Economy Tokyo (ခေတ္တ–ဂျပန်)

နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်ထောင်စုရိပ်သာလမ်း၊ အမှတ် ၆၁ နေ
ဒေါက်တာဦးလှမော်–ဒေါ်ခင်ဆွေတို့၏သမီးငယ်

မကေသီမော် B.C.Sc

Institute of International Information Economy Tokyo (ခေတ္တ–ဂျပန်)

တို့သည် ၂၄–၁–၂၀၀၈ရက်တွင် နှစ်ဖက်သောဂုဏ်သရေရှိ မိဘဆွေမျိုးများ ရှေ့မှောက်တွင် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဥက္ကာဇော်–မကေသီမော်။

ခေါ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ မြနန္ဒာအိမ်ရာ၊ တိုက်၁၄၊ အခန်း၃၀၂နေ
(ဦးခင်မောင်တင့်)–ဒေါ်မာလာရီ(ခေတ္တ–အစ္စရေး)
တို့၏သားကြီး

မောင်လွင်မွန်

(Staff Member, Maon Harofe OLd Age Center Moza-illit, Jerusalem State of Israel)

နှင့်

ရန်ကုန်တိုင်း၊ကမာရွတ်မြို့နယ်၊တိုက်အမှတ်၅၅၊ မင်္ဂလာသုခလမ်းနေ
ဦးရာသန်း–ဒေါ်ထွေးစိန် (ကြံတိုင်းအောင် မုန့်ဟင်းခါးဖို)
တို့၏သမီးကြီး

မခင်စန်းဝေ (ခေတ္တ–အစ္စရေးနိုင်ငံ)

တို့သည် ၂၇–၁–၂၀၀၈ရက်၌ နှစ်ဖက်သောလူကြီးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်လွင်မွန်–မခင်စန်းဝေ။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ သင်္ဂဟလမ်းနေ
ဦးမောင်စိန်–ဒေါ်ခင်သိန်း(ပြုံးပန်းတစ်ရာ၊ မင်္ဂလာဈေး)တို့၏သားကြီး၊
ဦးလဂေါင်–ဒေါ်ချိုချိုဝင်း(လားရှိုး)တို့၏တူ/သား

မောင်ဝင်းနောင် B.Sc (Zoology)

နှင့်

နေပြည်တော်ပျဉ်းမနား၊ မင်္ဂလာရပ်၊ ၈လမ်းနေ
ဦးသက်ဦး–ဒေါ်ခင်လှမြင့် (စံပြ ဓာတ်ပုံတိုက်)တို့၏သမီးငယ်

မပြုံးပြုံးဦး (ခ) Elena Pyone Pyone Oo

တို့သည် ၁၄–၁–၂၀၀၈ရက်တွင် နှစ်ဖက်သော မိဘ၊ မိတ်ဆွေသင်္ဂဟများနှင့်တကွ ရန်ကုန်မြို့ Sedona Hotel (Grand Ballroom) ၌ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝင်းနောင်–မပြုံးပြုံးဦး။

အမည်ပြောင်း ဦးတင်မောင်နီ ၈/ဆပဝ(နိုင်)၀၀၂၅၄၇၏ သားဖြစ်သူ အထက(၂)ကမာရွတ် Grade-1(C) မှ မောင်အာကာအား မောင်အာကာမောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အာကာမောင်။**

အမည်ပြောင်း အဖ ဦးဇော်မျိုးအောင်၏သမီး အထက(၁)လသာ Grade-10 (B) မှ မပြည့်ဖြိုးခိုင်အား မပြည့်ဖြိုးနိုင်(ခ)ပန်းအိဖြူဟု ပြောင်းလဲခေါ်ပါရန်။ **မပြည့်ဖြိုးနိုင်(ခ)ပန်းအိဖြူ။**

မွေးနေ့ဆုတောင်း

သမီးများအပေါ် အနှိုင်းမဲ့ချစ်ခြင်းများစွာဖြင့် ပေးဆပ်ခွင့်လွှတ်သိတတ်လွန်းတဲ့ချစ်မေမေ **ဒေါ်အေးသဇင်အောင်** ရဲ့ ၂၉–၁–၂၀၀၈ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင်အောင် ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်အေးချမ်း၍ ပြီးပြည့်စုံသောဘဝကို လျှောက်လှမ်းနိုင်ပါစေ။

ချစ်သမီးကြီး – လဲ့ဟေမာန်အောင်(ပိုးဥ)
ချစ်သမီးလတ် – ဆောင်းနှင်းထက်(ငယ်လေး)
ချစ်သမီးငယ်လေး– အိန်ဂျယ်ညီညီ(အသဲတုန်)။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်လင်းကျော်နိုင်၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂/လမန(နိုင်)၁၀၁၁၀၆ နှင့် နိုင်ငံကူးလက်မှတ်–၅၀၇၆၁၀သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။

ဖုန်း–၀၉–၅၁၇၈၇၃။

လူပျောက်ကြော်ငြာ

ကျွန်မ၏သမီးဖြစ်သူ မသန္တာဆွေ(ခ)မသဲပို (၁၄)နှစ်၊ အရပ်ရှည်၊ အသားမည်း၊ လက်ပြင်ကုန်းသည် ၉–၁၂–၂၀၀၇ရက်တွင် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် လက်ခံသွေးဆောင် ဖြားယောင်းထားသူအား ဥပဒေအရ အရေးယူသွားမည် ဖြစ်ကြောင်း။

ဒေါ်မြင့်ဆွေ
(၈)ရပ်ကွက်၊ အုန်းနဲ့စံပြကျေးရွာ၊
ကဝမြို့နယ်၊ ပဲခူးတိုင်း၊
ဖုန်း–၀၁–၂၄၇၉၉၈၊ ၂၄၇၆၃၃။



ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ကျောက်ဖယားဆေးရုံဆိုင်ရာ အသိပေးမိတ်ဆက်

ရန်ကုန် ဇန်နဝါရီ ၂၈

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ကျောက်ဖယားဆေးရုံကြီးဆိုင်ရာ အချက်အလက်များ အသိပေးမိတ်ဆက်ပွဲကို ဇန်နဝါရီ ၂၁ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်းရှိ International Health & Beauty Centre(IHBC)၌ ကျင်းပရာ ရှေးဦးစွာ International Health & Beauty Centre ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကျောက်ဖယားဆေးရုံကြီး၏ မြန်မာနိုင်ငံဆိုင်ရာ စီမံအုပ်ချုပ်မှုတာဝန်ခံ ဦးမြင့်သိန်းက နှုတ်ခွန်းဆက်စကားပြောကြား၍ ကျောက်ဖယားဆေးရုံကြီး အုပ်ချုပ်မှုဒါရိုက်တာ Dr.Chumrum Sorapipatana က ဆေးရုံဆိုင်ရာ အချက်အလက်များကို မိတ်ဆက်တင်ပြသည်။

ယင်းနောက်ကျောက်ဖယားဆေးရုံကြီး Heart Centre မှ Prof-Suphachai**(အောက်ပုံ)** က ကုသမှုဆိုင်ရာများကို အသိပေးတင်ပြကာ ကျောက်ဖယားဆေးရုံကြီး၏မြန်မာနိုင်ငံဆိုင်ရာ ဆေးကုသမှု ပိုင်းဆိုင်ရာတာဝန်ခံ ဒေါက်တာမိုးအောင်ကျော်နိုင်က ဆေးကုသမှု ပိုင်းဆိုင်ရာတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဖွဲ့စည်းတည်ထောင်

ကျောက်ဖယား ဆေးရုံကြီးသည် ထိုင်းနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဦးဆောင်မှုပေးနေသော ဆေးရုံကြီးတစ်ရုံဖြစ်ပြီး တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း၁၅နှစ်ကျော်ပြီဖြစ်သည်။ ၁၉၈၈ခုနှစ်မှစတင်၍ ဆေးကုသမှုဌာနပေါင်းစုံမှ အထူးကုဆရာဝန်ကြီးများစုစည်း၍ ကျန်းမာရေးစောင့်ရှောက်မှု ဌာနကြီးအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့သည်။

စီစဉ်ဆောင်ရွက်

ဆေးကုသမှုနှင့်ကျန်းမာရေးဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများကို အဆင့်အတန်းမြင့်မြင့်နှင့် အကောင်းဆုံးဖြစ်စေရန် စဉ်ဆက်မပြတ် လုပ်ဆောင်ပေးခြင်းဖြင့် ကျောက်ဖယားဆေးရုံကြီးသည် နောက်ဆုံးပေါ် ဆေးပညာတိုးတက်မှုတွင် ရှေ့တန်းရောက်ရှိနေပြီး ထိုင်းနိုင်ငံ၏ ဧည့်ဝတ်ကျေပွန်မှုတို့နှင့်ပေါင်းစပ်ကာ ကမ္ဘာ့အဆင့်မီ ဆေးကုသစောင့်ရှောက်မှုကို ဆောင်ရွက်ပေးလျက်ရှိသည်။ ကျောက်ဖယားဆေးရုံကြီး၌ အထူးပြုကုသမှုဌာနများ စုံစုံလင်လင်ရှိပြီး တစ်နေရာတည်းတွင် ပြည့်ပြည့်စုံစုံဖြင့် ပေါင်းစပ်ညှိနှိုင်းကုသမှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)



သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မော်ကျွန်း အောင်တော်မူစေတီဝင်းတွင် တည်ဆောက်လျက်ရှိသော ဘာဝနာ နှစ်ထပ်ကျောင်းဆောင်သစ်အတွက် အလှူငွေများပေးအပ်

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၄

မော်လမြိုင်ကျွန်းမြို့နယ် ဖူထီ ကျေးရွာအုပ်စု ဖူထီးဒင်းလကျေးရွာ ရပ်ရှူမူကြိုသာသနာ့ရိပ်သာ အောင်တော်မူစေတီဝင်းတွင် တည်ဆောက်လျက်ရှိသော ငွေကျပ် သိန်း၁၅၀ကျော်တန်ဖိုးရှိ ဘာဝနာ နှစ်ထပ်ကျောင်းဆောင်သစ်အတွက် အလှူငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ၂၂ရက် မွန်းလွဲ၂နာရီက သန္တိသုခမ္မော်ရုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရပ်ရှူမူကြို သာသနာ့ရိပ်သာ ဆရာတော်ဘဒ္ဒန္တ သုစိတ္တက ဩဝါဒကထာ မိန့်ကြားပြီး အလှူရှင် မော်လမြိုင်ကျွန်းမြို့ မြန်မာ့ရေနံ အရောင်းဆိုင်မန်နေဂျာ ဦးခင်ဇော် မိသားစုနှင့် ဝန်ထမ်းများက အလှူငွေကျပ် နှစ်သိန်းပေးအပ်လှူဒါန်းရာ ရပ်ရှူမူကြိုသာသနာ့ရိပ်သာ ဂေါပက အဖွဲ့က လက်ခံယူသည်။ အောင်တော်မူ စေတီတော်ဝင်းတွင် ဆရာတော် ဘဒ္ဒန္တသုစိတ္တကြီးမှူး ဦးဆောင်၍ အလှူရှင်များ၏ ပါဝင်လှူဒါန်းမှုများဖြင့် သာသနာ့ရိပ်သာ ကျောင်းဆောင်သစ် လေးဆောင် ဆောက်လုပ်ပြီးစီးနေပြီး သာသနာပြုလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အနယ်နယ် အရပ်ရပ်မှ အလှူရှင်များအနေဖြင့် ဆောက်လုပ်ဆဲ ဘာဝနာနှစ်ထပ် ကျောင်းဆောင်သစ်တွင် ပါဝင်လှူဒါန်းလိုပါက ဦးခင်ဇော် ဖုန်း–၀၄၂–၅၀၃၄၇ နှင့် ဦးမြင့်အောင်(မော်ကျွန်းမြင့်အောင်) ဖုန်း–၀၄၂–၅၀၁၀၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၄၂)**

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မင်္ဂလာလမ်းအပိုင်း(၂) ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းက လမ်းနှင့်ပတ်သက်သော အချက်အလက်များ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ဘဏ္ဍာရေးနှစ် ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သော တောကြီးကျေးရွာအုပ်စု ပန်းမြိုင်ကုန်းကျေးရွာရှိ တစ်လက်မခွဲ တွင်းတိမ်တူးဖော်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၇ ရက်က ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးကျော်ကျော်အောင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကောလင်း၌ အမှိုက်၊ လောင်စာဆီကင်းရှင်းရေးနှင့် ရေလှောင်ကန်များ ရေဖြည့်တင်းထားရေး ပညာပေး

ကောလင်း ဇန်နဝါရီ ၂၀

ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ စည်ပင်သာယာဈေးအတွင်း မီးဘေးကာကွယ်ရေး စီမံချက်အရ ဇန်နဝါရီ၁၂ရက်က မြို့မစည်ပင်သာယာဈေးအတွင်း မီးဘေးကာကွယ်ရေးနှင့် မီးသတ်ရေငုတ်တိုင်များ စစ်ဆေးခြင်းကို ဆောင်ရွက်ကြသည်။

အဆိုပါအဖွဲ့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးနိုင်၊ ဈေးခေါင်းဦးအောင်မြဦးနှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်စခန်းမှူး ဦးဌေးမြင့်နှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များက ဈေးအတွင်း အမှိုက်သရိုက်နှင့် လောင်စာဆီများ ကင်းရှင်းရေး၊ မီးသတ်ရေငုတ်များ ရေထွက်မှု ကောင်းမွန်ရေးနှင့် မီးချိတ်၊ မီးကပ်များထားရှိရေး၊ ရေလှောင်ကန်များတွင် ရေအားဖြည့်တင်း ထားရှိရေးတို့ကို ကွင်းဆင်းပညာပေး ဟောပြောပြီး တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် စစ်ဆေးကြသည်။ (၀၃၂)

ကြို့ပင်ကောက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ဘဏ္ဍာရေးနှစ်တွင် မြို့ရေပေးရေး ရေပြွန်ပိုက်များ ပြင်ဆင်လဲမှုလုပ်ငန်း ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကြက်ဆူပင်စိုက်ပျိုးရေး ပညာပေးဟောပြော

မြင်းမူ ဇန်နဝါရီ ၁၅

ခြံစည်းရိုး ကြက်ဆူပင်နှင့် ဇီဝလောင်စာဆီထုတ်လုပ်မှု အသိပညာပေးဟောပွဲကို ဒီဇင်ဘာ ၂၇ရက် မွန်းလွဲ ၁နာရီက မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေပြည်သစ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သောင်းက အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာရုပ်ရှင်ဒါရိုက်တာဇွန်မောင်မောင်၊ စာရေးဆရာ ကိုရွှေအောင်သင်းနှင့် ကဗျာဆရာ မောင်လွမ်းနွယ် (အောင်လံ)တို့က အသိပညာပေး ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတစ်ဝန်း စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်များ

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ဘူးရောက်ကျေးရွာ ပညာ့ဂုဏ် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂၉ရက်က ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဘိုမောင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဦးအောင်နိုင်ဝင်းနှင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးဇော်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ရေစကြိုမြို့၌ စာပေဟောပြောပွဲနှင့်စာအုပ်လှူဒါန်း

ရေစကြို ဇန်နဝါရီ ၁၂

ရေစကြိုမြို့နယ် ရွာငယ်(ခ)အောင်နန်းကျေးရွာ ပညာဝပုဏ္ဏ စာကြည့်တိုက်တွင် စာပေဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ ရက်က ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် စာအုပ်အလှူရှင် သုံးဦးကိုယ်စား စာရေးဆရာကြီး ဦးတင်မြင့်(နေမျိုးသန့်)က သုတ၊ ရသစာအုပ်မျိုးစုံ အုပ်၃၀၀ကျော်ကို စာကြည့်တိုက်ကော်မတီသို့ ပေးအပ်လှူဒါန်းပြီး စာပေဟောပြောပွဲ ဆက်လက်ကျင်းပရာ တင်မောင်အေး(ပခုက္ကူ)က ဘဝထဲကကဗျာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်စိုးမြတ်(ချောင်းဦး)က ကဗျာထဲကကျေးလက် ကျေးလက်ထဲက ကဗျာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ နံ့သာမြေ မောင်ပြေသင်းက ရင်ထဲက စေတနာ ရင်ထဲက ကဗျာခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

မြို့ဂုဏ်ရောင် စာကြည့်တိုက်၌ စာဖတ်ဝိုင်းဖွဲ့

စဉ့်ကိုင် ဇန်နဝါရီ ၁၂

စဉ့်ကိုင်မြို့ မြို့ကုန်းကျေးရွာ မြို့ဂုဏ်ရောင် စာကြည့်တိုက်၌ စာဖတ်ပွဲကို ဒီဇင်ဘာ၂၃ရက် နံနက်၁၀နာရီက ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ဝေဝေဖြိုးက စာဖတ်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများ အခန်း(၁) နိုင်ငံတော် အခြေခံမူများ အခန်းကိုလည်းကောင်း၊ ကျေးရွာဥက္ကဋ္ဌ ဦးကျော်ထွန်းဦးက အခန်း(၂) နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းကို လည်းကောင်း၊ စာကြည့်တိုက်လက်ထောက်–၃ ဒေါ်သီတာခိုင်က အခန်း(၃) နိုင်ငံတော်အကြီးအကဲများ အခန်းကို လည်းကောင်း ဖတ်ကြားကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်းများ

ကြက်ငှက်တုပ်ကွေး သိမှတ်စရာနှင့် ဇီဝလုံခြုံမှုဆိုင်ရာ အသိပညာပေးဟောပြော

ဟိုပင် ဇန်နဝါရီ ၈

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ ဇီဝလုံခြုံမှု ပညာပေးဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ရက် နံနက် ၁၁နာရီက ဟိုပင်မြို့ အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မိုးညှင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဝင်းဦးက ကြက်ငှက်တုပ်ကွေးရောဂါ သိမှတ်စရာအကြောင်းနှင့် ဇီဝလုံခြုံမှုဆိုင်ရာ အသိပညာပေးဟောပြောပြီး ဟိုပင်မြို့ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနတာဝန်ခံ ဦးအောင်ညိုက တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ဥပဒေအကြောင်းကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

တီးတိန်မြို့၌ ကျေးရွာချင်းဆက်လမ်း တာချဲ့ဆောင်ရွက်

တီးတိန် ဇန်နဝါရီ ၂၅

တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၇–၂၀၀၈ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လိုင်လိုး–တွီးလန့် ကျေးရွာချင်းဆက်လမ်း တာချဲ့ခြင်းလုပ်ငန်း (ကျေးလက်) ဆောင်ရွက်မှုအခြေအနေကို ဇန်နဝါရီ၂၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနန်ဒိုးဆူမ်းမန်က ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖျာပုံ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦး သီ ဟ ထွန်း၊ ဒုတိယ ဦးစီးမှူး ဦးတိုးမြင့်အောင်နှင့်အဖွဲ့ ဝန်ထမ်းများ ဇန်နဝါရီ ၁၈ ရက်က ဖျာပုံမြို့ မြို့ဝင် ဆိုင်းဘုတ်ရှေ့ မြေယာရှုခင်းအလှ ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းကြီးကြပ်ပေးစဉ်။ (၁၃၇)

ကျောက်မဲမြို့နယ်လုံးဆိုင်ရာ အခြေခံပရိယတ္တိ စာတော်ပြန်ပွဲဖွင့်

ကျောက်မဲ ဇန်နဝါရီ ၂၂

အကြိမ်(၃၀)မြောက် မြို့နယ်လုံးဆိုင်ရာ အခြေခံပရိယတ္တိ စာတော်ပြန်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် နံနက် ၉နာရီက ကျောက်မဲမြို့ ကမ္ဘောဇရှမ်းကျောင်းကြီး၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ကျင်းပရေးနာယက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တတေဇိန္ဒထံ ငါးပါးသီလခံယူဆောက်တည်ကြကာ ဩဝါဒကထာ နာယူကြသည်။ **(ဝဲပုံ)**

ဝင်ရောက်ဖြေဆို

ထို့နောက် ကြွရောက်လာသည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များက မေတ္တာသုတ်တရားတော်များ ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည်။ အဆိုပါ စာတော်ပြန်ပွဲတွင် စာဖြေသံဃာတော် စုစုပေါင်း ၅၀၀ ပါး ဝင်ရောက်ဖြေဆိုကြသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

ဝါးခယ်မ မြို့လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

ဝါးခယ်မ ဇန်နဝါရီ ၁၅

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဒုတိယအကြိမ်မြောက် မြို့လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနီယပွဲတော်ကို ဒီဇင်ဘာ ၃၀ရက်မှ ဇန်နဝါရီ ၁ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနီယပွဲတော်၌ ဌာနဆိုင်ရာ အပူဇော်ခံစံကျောင်းများ၊ ရပ်ကွက်(၁၄)ခုမှ အပူဇော်ခံစံကျောင်းနှင့် လူမှုရေးအသင်းအဖွဲ့ အပူဇော်ခံ စံကျောင်းတို့ ပါဝင်ပူဇော်ကြသည်။

ထို့နောက် ဇန်နဝါရီ ၁ရက် ညနေ ၄နာရီတွင် မြို့နယ်ဥက္ကဋ္ဌ ဦးလှမြင့်နှင့်အဖွဲ့ဝင်များ၊ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရေးဦးစီးကော်မတီနှင့်လုပ်ငန်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် လူမှုရေး၊ ဘာသာရေး အသင်းအဖွဲ့များနှင့် ပြည်သူများက နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်မြတ်များကို အပူဇော်ခံစံကျောင်းများမှ ပင့်ဆောင်ကာ မြို့လယ်သကျမဟာသိရိဘုရားကြီးရှေ့ ဗဟိုမဏ္ဍပ်မှ မြို့တွင်းသို့ ဒေသစာရီ ကြွချီ အပူဇော်ခံရာ ရပ်ကွက်များမှ ပန်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များနှင့် လှူဖွယ်ဝတ္ထုများဖြင့် ဖူးမြော်ပူဇော် ကြည်ညိုကြသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ ဇန်နဝါရီ ၂ရက် နံနက် ၆နာရီတွင် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များ ကိန်းဝပ်စံပယ်တော်မူသော မြို့လယ်သကျမဟာသိရိဘုရားကြီးဝင်း သံတန်ဆောင်းအတွင်း လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးတိုင်း(အနောက်ပိုင်း) ခရိုင်ချင်းဆက်လမ်းအမှတ်(၁) နတ်တလင်းမြို့နယ် တောက်တဲ့ချောင်းတံတား ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ၁၂ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးညဏ်စိုးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနား ဘုတ်ပြင်းမြို့ လွတ်လပ်ရေးကျောက်တိုင်၌ ကျင်းပ

ဘုတ်ပြင်း ဇန်နဝါရီ ၁၀

နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၄နာရီ မိနစ်၂၀က ဘုတ်ပြင်းမြို့လွတ်လပ်ရေး ကျောက်တိုင် အလံတိုင်ရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလံကိုင် ဦးမောင်မောင်ဇင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်၍ နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက်နံနက်၇နာရီတွင် မြို့နယ်သပြေခန်းမ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဇင်က ဖတ်ကြားပြီး တက်ရောက်လာသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ချီးမြှင့်

ယင်းနောက် နှစ် (၆၀)ပြည့်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မီနီမာရသွန်ပြိုင်ပွဲ၊ ကလေးပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ကြသည်။

ဆက်လက်၍ ညနေပိုင်းတွင် မြို့မအားကစားကွင်း၌ ကျင်းပသော အားကစားပေါင်းစုံနောက်ဆုံးဗိုလ်လုပွဲများ၌ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းများ တာချီလိတ်၌ ရှင်းလင်းဆွေးနွေး

တာချီလိတ် ဇန်နဝါရီ ၂၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းများ ရှင်းလင်းပွဲကို ဇန်နဝါရီ ၁၄ရက် နံနက် ၉နာရီက တာချီလိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တာချီလိတ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သန်းက အဖွင့်အမှာစကားပြောကြားပြီး နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကုန်သည်ကြီးများ အသင်းဖွဲ့စည်းခြင်းနှင့် ကုန်သွယ်မှု လုပ်ငန်းဆိုင်ရာ သိသင့်သိထိုက်သော အချက်များကို အကျယ်တဝင့် ရှင်းလင်း ဆွေးနွေးသည်။**(ယာပုံ)**

ဆွေးနွေး

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဗဟိုအလုပ်အမှုဆောင် ဦးထွန်းအောင်၊ မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အထွေထွေအတွင်းရေးမှူးဦးစိုးသန်းမင်းဒင်နှင့်မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း လက်ထောက် အထွေထွေမန်နေဂျာ ဦးသန်းဝင်းတို့က လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေး တင်ပြကြပြီး တာချီလိတ်နယ်စပ်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးကြည်မြင့်နှင့် ကုန်သည်ကြီးများ၊ လုပ်ငန်းရှင်များက သိရှိလိုသည့်အချက်အလက်များအား မေးမြန်းဆွေးနွေးကြရာ မေးမြန်းဆွေးနွေးချက်များကို ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ **(ဝ၁၆)**

ပဲခူးတိုင်း အုတ်တွင်းမြို့နယ်တွင် အုတ်တွင်း–လက်စွပ်ကျ ကျေးရွာ မြေသား လမ်းဖောက်လုပ်ဆောင်ရွက်မှုလုပ်ငန်းကို ဒီဇင်ဘာ ၂၃ရက်က အုတ်တွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဦးအောင်လေးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးရဲလွင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (၃၁၆)

စာပတ်ဝိုင်းများ တိုးတက်ဆောင်ရွက်ရေး မြင်းမူ၌ သုတ၊ရသစာပေဖတ်ရှုရန် စည်းရုံး

မြင်းမူ ဇန်နဝါရီ ၁၆

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးဦးတင်သန်းဝင်းနှင့် ခရိုင်ဦးစီးအရာရှိ ဦးမောင်ကိုတို့လိုက်ပါလျက် မြင်းမူမြို့နယ်ရုံးသို့ ဇန်နဝါရီ ၁၀ရက် နံနက်၈နာရီခွဲက ရောက်ရှိ၍ မြို့နယ်ရုံးမှ ပြသထားသည့် နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မြို့နယ်ရုံးဝန်ထမ်းများနှင့်တွေ့ဆုံရာ မြို့နယ်ဦးစီးမှူး ဦးညိုအုန်းက လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ တင်ပြရာ ညွှန်ကြားရေးမှူးချုပ်က စာဖတ်ဝိုင်းများ တိုးတက်ဆောင်ရွက်ရေး၊ သုတ၊ ရသစာအုပ်စာပေများ ဖတ်ကြားရေး စည်းရုံးဆောင်ရွက်ကြရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းလိုက်ပါလျက် အလ္လကပ္ပစံပြကျေးရွာ ပါရမီကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်ရန်အတွက် ခြံအမှတ် (၁၁၈) နှင်းဆီကုန်းလမ်း စောရန်ပိုင်အရှေ့ ရပ်ကွက် အလုံမြို့နယ်နေ ဦးမြ-ဒေါ်သန်းညွန့်တို့အားရည်စူး၍ ဦးမျိုးဝင်း-ဒေါ်အေးငြိမ်းနှင့် ညီအစ်ကို မောင်နှမမိသားစုက အလေးချိန် (၁ကျပ်၁၂ပဲ ၆ရွေး) ရှိသော ရွှေထည်ပစ္စည်းများကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးမြသိန်း (အလှည့်ကျသဘာပတိ)၊ ဦးစိန်ဦး၊ ဦးတင်ဦးနှင့် ဦးလှမင်းတို့က လက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

စာဆိုတော်နေ့အထိမ်းအမှတ် စာပေရေးရာဟောပြော

နေပြည်တော်ပျဉ်းမနား ဇန်နဝါရီ ၁၇

နေပြည်တော်ပျဉ်းမနား မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ၁၃၆၉ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၁၂ရက် ည ၇နာရီက ရဲရင့်ရုပ်ရှင်ရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးမြင့်လွင် (စံကောင်း)က ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စာဆိုတော်နေ့ အထိမ်းအမှတ် စာပေပြိုင်ပွဲများမှ ဆုရသူများကို ဆုများချီးမြှင့်ကြသည်။ ထို့နောက် စာရေးဆရာ ဆောင်းဝင်းလတ်၊ နုနုရည် (အင်းဝ)နှင့်ရဲခေါင် မဲမောင်တို့က စာပေရေးရာများ ဟောပြောကြသည်။ **(၀၉၉)**

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကံဘဲ့ဘူတာရုံလမ်း ပဋ္ဌနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်ရှိ ရန်ကုန်နိကာယ် သာသနာတော်ထွန်းကားရေး အသင်းကြီး၏ ထာဝရငွေရတုပဒေသာပင်အတွက် တရုတ်(တိုင်ပေ)မှ ကျန်းကျင့်ကျူးက အမှတ် ၄၇ ရေကျော်လမ်း ၇ ရပ်ကွက် ပုဇွန်တောင်မြို့နယ်နေ ဒေါ်မြငြိမ်(တိုင်ပေရွှေဆိုင် ယုဇနပလာဇာ)မှ တစ်ဆင့် အလှူငွေကျပ် တစ်သိန်းကို အသင်းဥက္ကဋ္ဌ ဦးသောင်းလွင်နှင့် အတွင်းရေးမှူး ဦးစိုးဝင်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အရန်မီးသတ်တပ်ဖွဲ့နှင့် အခြေခံစစ်ရေးပြသင်တန်းဖွင့်

ခင်ဦး ဇန်နဝါရီ ၁၂

ခင်ဦးမြို့နယ် အရန်မီးသတ်တပ်ဖွဲ့နှင့် အခြေခံစစ်ရေးပြသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ရက် နံနက် ၉နာရီက အောင်ချမ်းသာရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးရဲမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးဝင်းမောင်က သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါ အခမ်းအနားသို့ မြို့ပေါ်သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စုလေး အုပ်စုမှ သင်တန်းသား ၁၂၃ဦးတို့ တက်ရောက်ပြီး သင်တန်းကာလ နှစ်ပတ်ကြာ မြင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်း သာကေတမြို့နယ် (၇)ရပ်ကွက် ဇိနမာရ်အောင် စေတီအနီး သုညတစမ္မကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ မဂ္ဂဓမ္မလေးထပ်ကျောင်းဆောင်အတွက် နှစ်ဖက်သောမိဘများ အမှူးထား၍ ကိုဇော်နိုင်မိုး-မဇာမွန်အိ၊ သား ပီတိမိုးနိုင် မိသားစုက အလှူငွေကျပ် သိန်း၂၀ကို သုညတစမ္မ ဆရာတော် ဦးစန္ဒသေနထံ ဆက်ကပ် လှူဒါန်းစဉ်။ (က-ပ)

ကော့ကရိတ်ခရိုင်ပြည်သူ့ဆေးရုံသို့ ဆေးပဒေသာပင်နှင့် အလှူငွေပေးအပ်

ကော့ကရိတ် ဇန်နဝါရီ ၁၈

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ဆေးပဒေသာပင်နှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီက ကော့ကရိတ်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်ဆရာဝန်ကြီး ဒေါက်တာခင်မောင်က ဆေးပဒေသာပင်အတိုးငွေများနှင့် ဆေးရုံရန်ပုံငွေ သုံးစွဲခြင်းနည်းလမ်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများပေးအပ်ကြရာ ရန်ကုန်မြို့နေ ဦးတီတီ-ဒေါ်မြင့်မြင့်စိန်က ဆေးပဒေသာပင်အတွက် ငွေကျပ်သိန်းနှစ်ဆယ်ကို ခရိုင်ဥက္ကဋ္ဌ ဦးခင်ဝင်းထံလည်းကောင်း **(ယာပုံ)**၊ ကော့ကရိတ်မြို့နယ် ခနိမ်းမူရွာနေ ဦးတင်လှက ဆေးရုံအတွက် အလှူငွေကျပ် သုံးသိန်းငါးသောင်းကို ခရိုင်ဆရာဝန်ကြီး ဒေါက်တာခင်မောင်ထံလည်းကောင်း၊ ကော့ကရိတ်မြို့ အမှတ်(၃)ရပ်ကွက် အလယ်တန်းရပ်နေ ဦးဝင်းညွန့်-ဒေါ်ချိုချိုအေးတို့က ဆေးရုံအတွက် အလှူငွေကျပ် တစ်သိန်းကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်လှိုင်ထံသို့လည်းကောင်း အလှူငွေများ ပေးအပ်ကြပြီး တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကျန်းမာရေးနှင့်မညီညွတ်သော သွားတိုက်ဆေးများစစ်ဆေး

ကာမိုင်း ဇန်နဝါရီ ၁၀

ကချင်ပြည်နယ် ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးဆန်းအောင်နှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၃ ရက်က အဖွဲ့ပိုင် ကာမိုင်းမြို့ မြို့မဈေးအတွင်း အများပြည်သူတို့ သုံးစွဲရန်မသင့်သည့်ကျန်းမာရေးနှင့် မညီညွတ်သော သွားတိုက်ဆေးများ ရောင်းချခြင်းမပြုရန် အသိပညာပေး စစ်ဆေးဆောင်ရွက်ကြသည်။ **(၀၀၁)**

ဘုန်းတော်ကြီးသင်ကျောင်းသို့ အလှူငွေများ ပေးအပ်လှူဒါန်း

တီးတိန် ဇန်နဝါရီ ၂၇

ချင်းပြည်နယ် တီးတိန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ဇန်နဝါရီ ၂၄ရက်က တီးတိန်မြို့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ အလှူငွေကျပ် ၄၀၀၀၀ကို လှူဒါန်းကြရာ အသင်းဝင်များကိုယ်စား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာက ပေးအပ်ခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဝါးခယ်မမြို့ ကံ့ကူလတာကျေးရွာအုပ်စု ကံ့ကူလတာကျေးရွာ တစ်လက်မခွဲလက်နှိပ်တုံကင်ဖွင့်ပွဲကို ဇန်နဝါရီ ၄ရက်က ကျင်းပရာ မြို့နယ် အမှုဆောင်အရာရှိ ဦးလှဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးနေဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (က-ပ)

HONG KONG, PO UN MONASTERY မှ SEK LAN YAN က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၁၄၃၀၀၀နှင့် အမေရိကန်ဒေါ်လာ၃၉၀ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က လက်ခံယူစဉ်။ (က-ပ)

မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အချိန်အဟုန်မြှင့် ဆောင်ရွက်

မန္တလေး ဇန်နဝါရီ ၂

ပွင့်လင်းရာသီ မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို မီးသတ်ဦးစီးဌာန မန္တလေးတိုင်းမှ စဉ်ဆက်မပြတ် အချိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၂ ရက်က မန္တလေး ချမ်းအေးသာဇံမြို့နယ် ကန်ကောက်ရပ်ကွက်နှင့် ယင်ပုံရပ်ကွက်တို့သို့ ခရိုင်မီးသတ်ဦးစီးအရာရှိဦးကျော်နိုင်မိုးသည် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟန်စိုး၊ ခရိုင်အရန်မီးသတ်ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးလှမောင်၊ အတွင်းရေးမှူး ဦးဗိုလ်မင်းနှင့် တပ်ခွဲမှူးများလိုက်ပါလျက် ကွင်းဆင်းစစ်ဆေးကြသည်။

ရှေးဦးစွာ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးကျော်နိုင်မိုးသည် ယင်ပုံရပ်ကွက်မှော်ရုံတွင် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ကိုမင်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်မီးသတ်တပ်စုမှူး စစ်အောင်နှင့် တပ်ဖွဲ့ဝင်များကိုတွေ့ဆုံ၍ ပွင့်လင်းရာသီ မီးဘေးကြိုတင်ကာကွယ်ရေးကိစ္စရပ်များကို ရှင်းလင်းမှာကြားသည်။ ထို့နောက် တပ်စုမှူး စစ်အောင်က ရပ်ကွက်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်ရေးဆွဲဆောင်ရွက်ထားမှု၊ ကွင်းဆင်းစစ်ဆေးမှု၊ အရေးပေါ် ရေအလွယ်တကူရရှိနိုင်မှု၊ မီးချိတ်မီးကပ်၊ သဲပုံး၊ ရေပုံးထားရှိမှုများကိုရှင်းပြရာ ခရိုင်ဦးစီးအရာရှိက လိုအပ်သည်များ မှာကြားသည်။ **(၀၉၀)**

ဘားအံမြို့၌ စိုက်ကေတိုးချဲ့ရေး လက်တွေ့ကွင်းဆင်းပြသ

ဘားအံ ဇန်နဝါရီ ၁၀

ဘားအံမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းရှစ်ဦးသည် ဇန်နဝါရီ ၂ရက်က စိုက်ပျိုးရေးလုပ်ငန်းများကို ပညာပေးစည်းရုံး ဟောပြောရန် ဘားအံမြို့နယ်အတွင်းမှ ကျေးရွာအုပ်စု ၃၉အုပ်စုမှ တောင်သူ ၄၈၃ဦးတို့ထံ သွားရောက်ကာ ကြက်သွန်နီ၊ ခြံစည်းရိုးကြက်ဆူနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေးတို့ကို တစ်ဧကအထွက်နှုန်းတိုးရေး၊ စိုက်ဧက တိုးချဲ့စိုက်ပျိုးရေးတို့ကို လက်တွေ့ကွင်းဆင်းပြသလျက်ရှိကြောင်း သိရသည်။ **(၀၀၈)**

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့ဝင်ဆိုင်းဘုတ်တွင် မြေယာရှုခင်းအလှ ပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးလှသိန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးတင်ထွေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၀၈)

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား



ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ဟားခါး–ဂန့်ဂေါလမ်းပိုင်း၌ စက်ယန္တရားကြီးများဖြင့် ယာဉ်သွားလမ်းချဲ့ထွင် ဖောက်လုပ်နေမှုနှင့် မြေထိန်းနံရံပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဟားခါး–ဂန့်ဂေါကားလမ်း ချဲ့ထွင်ဖောက်လုပ်နေမှု ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၈

ချင်းပြည်နယ် ဟားခါးမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၀ ရက် နံနက် ၈ နာရီခွဲက ဟားခါးမြို့ တပ်နယ်ခန်းမ၌ ဟားခါးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံမှာကြားသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❒

သတင်းနှင့် ဆောင်းပါးအညွှန်း

❒ ဝဋ်ကြွေးရှိရင် ပြေပါစေတော့ ....
နိုင်ငံတကာမှုခင်း စာ –၆

❒ မော်လဒိုက်သမ္မတနိုင်ငံ
တိုး၏ သတင်းအက်ဆေး စာ –၇

❒ သတင်းရေးရာတွင် ရိုးရိုးမြန်မာစာကို သုံး၍ အရေးအသား ရှင်းလင်း ပြတ်သားစေရန် ကြိုးစားရပါမယ်။ တိကျမှန်ကန်စေရပါမယ်။ သတင်းစာဖတ်သူအား ပဟေဠိပုစ္ဆာထုတ်သကဲ့သို့ မဖြစ်စေရပါဘူး။ ကြီးကျယ်သော စကားအသုံးအနှုန်းများကို ရှောင်ပြီး တိုတိုနှင့် အဓိပ္ပာယ်ပြည့်စုံနိုင်အောင် သုံးစွဲရပါမယ်။
အင်ကြင်းခိုင်(ရန်ကုန်တက္ကသိုလ်)၏ သတင်းစာပညာနှင့် ဘာသာရပ်အသီးသီး ဆက်နွှယ်မှုရှိ သတင်းဆောင်းပါး စာ –၁၁

မိုးလေဝသ ၂၈–၁–၂၀၀၈

(heading printed as: မိုးတွေ့ရှာဓေ)

နေပြည်တော်	၀ ဒသမ ၃၉	လက်မ
ပင်လောင်း	၁ ဒသမ ၄၃	လက်မ
ကျောက်တော်	၁ ဒသမ ၃၀	လက်မ
ပုသိမ်	၁ ဒသမ ၁၀	လက်မ
အမ်း	၁ ဒသမ ၀၂	လက်မ
လားရှိုး	၀ ဒသမ ၉၉	လက်မ

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား